mgyoe.com SAMPLE BOOK

# TOUGH TIMES NEVER LAST BUT TOUGH PEOPLE DO

| Robert H. Schuller

## ခက်ခဲသောအချိန်တို့က တာရှည်မခံ
## အခက်အခဲဒဏ်ခံနိုင်သူတို့သာ တာရှည်ခံစမြဲ

ဇေရတု-မြန်မာပြန်

mgyoe.com

ဒုတိယအကြိမ်

Copyrighted Material

Over 1 Million Copies in Print
Over 3 Months on The New York Times Bestseller List


mgyoe.com
SAMPLE BOOK

# Robert H. Schuller

# Tough Times Never Last, But Tough People Do!

"An excellent, upbeat book, one which inspires and motivates the reader to a more creative lifestyle...It reflects Dr. Schuller's buoyant spirit." —DR. NORMAN VINCENT PEALE

Copyrighted Material



ZYT0048
MMK 7,500.00
mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

SAMPLE BOOK

# ခက်ခဲသောအချိန်တို့က
# တာရှည်မခံ
# အခက်အခဲဒဏ် ခံနိုင်သူတို့သာ
# တာရှည်ခံစမြဲ

**Tough Times Never Last, but Tough People Do!**

**Robert H. Schuller**

ဇေရတု

မြန်မာပြန်

mgyoe.com

mgyoe.com SAMPLE BOOK

ထုတ်ဝေသူ - ဒေါ်အိဝတ်ရည်ထွန်း၊ ဂျူတီစာပေ(၀၂၀၇၇)၊
အမှတ်(၄၉၉)၊ ဓမ္မာရုံလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်။
ပုံနှိပ်သူ - ဦးသန်းဌေးဇော်၊ သိန်းသန်းဇော်ပုံနှိပ်တိုက်(၀၀၁၀၁)၊
၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၂၅၊ နိုဝင်ဘာလ။
(၂၀၁၉ ပထမအကြိမ်)

mgyoe.com

mgyoe.com SAMPLE BOOK

92% liked this book
by
Google users
A clergyman presents advice on how to build
a positive self-image and work toward success.
Originally published: 1983
Author: Robert Harold Schuller
Genres: Self-help book, Christian literature



Author
Robert Harold Schuller
American televangelist
Robert Harold Schuller was an
American Christian televangelist,
pastor, motivational speaker, and author.
Over five decades, Schuller pastored his church
in Garden Grove, California starting in 1955.

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

## အပိုင်း-၁
## ခက်ခဲသောအချိန်တို့က တာရှည်မခံ
## အခက်အခဲဒဏ်ခံနိုင်သူတို့သာ တာရှည်ခံစမြဲ


၁။ ခက်ခဲသော အချိန်တို့က တာရှည်မခံ...... ၃

၂။ ......အခက်အခဲဒဏ် ခံနိုင်သူတို့သာ တာရှည်ခံစမြဲ ၂၇


## အပိုင်း-၂
## သင်လည်း ကြံ့ကြံ့ခံနိုင်သည့်
## လူတစ်ယောက်ဖြစ်အောင် လုပ်ဆောင်ပုံ


၃။ သင့်ပြဿနာကို အရှိ အရှိအတိုင်း သဘောထားပါ ၅၅

၄။ ပြဿနာများကို အပြုသဘောဆန်ဆန် ကိုင်တွယ်ခြင်းအတွက် ဥပဒေသ ၁၂ ရပ် ၆၈

၅။ တာဝန်ယူပါ။ ပြီးတော့ ထိန်းချုပ်ပါ ၈၈

၆။ အပြုသဘော တွေးတောခြင်းဆိုင်ရာ ပညတ်တော် ဆယ်ပါး ၁၁၁

၇။ တစ်ဆယ်အထိ ရေတွက်ပြီး အနိုင်ယူလိုက်ပါ။ ၁၂၉

၈။ တောင်ကို ရွှေ့နိုင်သော ယုံကြည်ခြင်း ၁၄၄


## အပိုင်း-၃
## စတင်ခြင်းသည် တစ်ဝက်ပြီးမြောက်ခြင်းပင်


၉။ ဆောင်ရွက်ခြင်းအတွက် အကူရာများ ၁၆၅


❑

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း

# ၁

# ခက်ခဲသောအချိန်တို့က တာရှည်မခံ
# အခက်အခဲဒဏ် ခံနိုင်သူတို့သာ တာရှည်ခံစမြဲ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ၁

## ခက်ခဲသော အချိန်တို့က တာရှည်မခံ

၁၉၈၂ ခုနှစ်၏ ပြင်းထန်သော နွေရာသီကာလဖြစ်၏။ ဤနွေရာသီက လူများစွာတို့အတွက် ၃၀ ခုနှစ်များဆီမှ Great Depression ခေါ် စီးပွားပျက်ကပ်ဆိုက်သည့် အချိန်ကို နာရီများနောက်ပြန်လည်သွား သကဲ့သို့ရှိသည်။ ကုမ္ပဏီတွေ ဒေဝါလီခံကြရသည်။ အလုပ်လက်မဲ့မှုက တစ်ဟုန်ထိုး မြင့်တက်လာသည်။ မီဒီယာက အမည်တပ်ပုံအတိုင်းဆိုလျှင် "ပြင်းထန်၍ရှည်ကြာသော စီးပွားရေးကျဆင်းမှု"က အမေရိကန်နိုင်ငံ တစ်ဝှမ်း ဘက်ပေါင်းစုံ ချွတ်ခြုံကျသွားအောင် လုပ်လိုက်သည်။

နိုင်ငံရေးသမားတို့က ယိုယွင်းကျဆင်းနေသော နိုင်ငံ၏အခြေအနေကို အသုံးပြုကာ ကိုယ်ကျိုးရှာကြ၏။ ဤအခြေအနေက အတိုက်အခံ နိုင်ငံရေးပါတီ၏ ကျရှုံးမှုများ၊ အားနည်းချက်များနှင့် အမှားများကို ထောက်ပြရန် အခွင့်ကောင်းကို ပေးပါသည်။ ဒီမိုကရက်တို့က အစိုးရတာဝန်ယူထား သော ရီပတ်ဘလစ်ကန် အုပ်ချုပ်မှုကို အပြစ်ဆိုစရာ အခွင့်အရေးရကြ သည်။ ရီပတ်ဘလစ်ကန်တို့ကလည်း ဒီမိုကရက်တို့ထံမှ ၎င်းတို့ ဆက်ခံ ထားရသည့် "ပြဿနာကို ဖန်တီးသော အုပ်ချုပ်မှုပုံစံ"ကို အပြစ်ပြန်ဖို့ကြ သည်။

mgyoe.com

mgyoe.com


"လူတိုင်း အပြစ်ရှာနေကြသော်လည်း မည်သူကမှ ပြဿနာ၏ အဖြေကို မရှာဖွေကြပေ။"

ပြဿနာတို့က ဆက်လက်ကြီးထွားလာခဲ့သည်။ လူတိုင်းနီးပါးခန့် ကူးစက်ခံရသော အချိန်အထိ စီးပွားပျက်ကပ်က နိုင်ငံတစ်ဝန်းလုံးကို ကြီးစိုးထားခဲ့သည်။ မည်သူမှ ခုခံနိုင်စွမ်း မရှိခဲ့ပေ။

ကျွန်တော်ကိုယ်တိုင်လည်း ခရစ်ယာန်ဘုရားကျောင်းတော်ဝတ်ပြုအဖွဲ့၏ သင်းအုပ်ဆရာ အနေနှင့်ရော အပတ်စဉ် ရုပ်မြင်သံကြားဌာန ၁၆၉ ခု၌ ထုတ်လွှင့်ပေးနေသော ဓမ္မရုပ်မြင်သံကြားအစီအစဉ်၏ အကြီး အကဲ အနေဖြင့်ပါ ဤပြဿနာ၏ ရိုက်ခတ်မှုကို ခံခဲ့ရပါသည်။ ကျွန်တော်တို့အလုပ်က အမှုထမ်းပေါင်း ၅၀၀ နှင့်အတူ တစ်နှစ်လျှင် ဒေါ်လာ သန်းနှစ်ဆယ်ကျော်ရှိသော အသုံးစရိတ်နှင့် လည်ပတ်ဆောင်ရွက်နေခြင်း ဖြစ်သည်။ လုပ်ငန်းလည်ပတ်သည့်စရိတ်က သိသိသာသာတိုးမြင့်လာခဲ့သည်။ ကျန်အမေရိကန်တစ်နိုင်ငံလုံးလိုပင် ကျွန်တော်တို့လည်း စီးပွားရေးကျပ်တည်းသော ကာလများနှင့် ရင်ဆိုင်ခဲ့ရပါသည်။

တိုင်းပြည်မှာ ပြဿနာတွေ ရှိနေကြောင်းကို မည်သူမှ မငြင်းနိုင်ပါ။ သို့သော် ကျွန်တော်တို့မှာ ရှိနေသည့် အကြီးမားဆုံး ပြဿနာမှာ စီးပွားရေးပြဿနာအပေါ် ကျွန်တော်တို့ ထားရှိသည့် သဘောထားဖြစ်သည်။ အဆိုးမြင် အတွေးအခေါ်က လူ့အဖွဲ့အစည်း၏ အလွှာအသီးသီး၌ ပလိပ်ရောဂါသဖွယ် ပျံ့နှံ့နေသည်။ ရေဒီယိုသတင်း အစီရင်ခံချက်များ၊ ရုပ်မြင်သံကြားဖန်သားပြင်များ၊ တစ်ယောက်စကား၊ တစ်ယောက်နားတို့မှ ပျံ့လာသော အဆိုးမြင် အတွေးအခေါ် ကူးစက်မှုကို ကာကွယ်ရန်မှာ မလွယ်ကူခဲ့ပါ။

စီးပွားရေး ကျဆင်းသော ကာလများ၌ အပျက်သဘော တုံ့ပြန်တတ်သည်မှာ ဓမ္မတာ ဖြစ်သောကြောင့် အဆိုးမြင် အတွေးအခေါ်တို့က လျင်မြန်စွာပင် ပျံ့နှံ့သွားခဲ့သည်။ အဖွဲ့အစည်းတစ်ခု၊ လုပ်ငန်းတစ်ခု၊ ဘဝတစ်ခု (သို့မဟုတ်) နိုင်ငံတစ်နိုင်ငံကို အဆိုးမြင် အတွေးအခေါ် ကူးစက်ခံရသည့်အခါ ယင်းကူးစက်ရောဂါက စိတ်၊ နှလုံးသားနှင့် ဝိညာဉ်တို့ကို ခြများသဖွယ် တိုက်ခိုက်ပါသည်။ ခံစားမှု အထောက်အကူပြုစနစ်ကို လျှို့ဝှက်စွာ ဝါးမျိုဖျက်ဆီးပစ်ပါသည်။

mgyoe.com

m gyoe.com SAMPLE BOOK


ဤအခြေအနေ ဤကာလမျိုးမှာပင် ချီကာဂိုမြို့လယ်ရှိ ဟီလ်တန်ဟိုတယ်၌ ကျင်းပသော ညီလာခံကြီးတစ်ခု၌ စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောချက်တစ်ခုပေးရန် ကျွန်တော် ရောက်ရှိလာခဲ့သည်။

တိုးတက်အောင်မြင်ရေး ဟောပြောချက်များ ပို့ချသည့်အလုပ်မှာ ကျွန်တော်နှင့် မစိမ်းတော့ပေ။ နှစ်စဉ်ဆိုသလို ကမ်းရိုးတန်းတစ်ခုမှ တစ်ခုသို့ ကူးသန်းသွားလာကာ နယ်ပယ်အသီးသီးမှ ပညာရှင်များကို ဟောပြောပွဲတစ်ရာခန့် လုပ်ပေးရပါသည်။

ယခုလုပ်မည့် ဟောပြောပွဲကိုတော့ ကျွန်တော် အထူးစိတ်ပါလက်ပါရှိမိပါသည်။ ကျွန်တော်ဟောပြောရမည့် ပရိသတ်က လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အဖွဲ့ဝင်များဖြစ်သည်။ ဤလုပ်ငန်းက အနောက်အလယ်ပိုင်းပြည်နယ်များဖြစ်သော အိုင်အိုဝါ၊ မီချီဂန်၊ အီလီနွိုက်စ်နှင့် မင်နီဆိုတာပြည်နယ်တို့၏ ပုဂ္ဂလိကပိုင် စိုက်ပျိုးရေးလုပ်ငန်းများ၌ ပါဝင်သောသူများကို ကိုယ်စားပြုသည်။ အိုင်အိုဝါပြည်နယ် လယ်တောတစ်ခုမှာ မွေးဖွားကြီးပြင်းလာခဲ့သူပီပီ လွန်ခဲ့သော နှစ်လေးဆယ်က ကျွန်တော်စွန့်ခွာခဲ့သော တစ်မြေတည်းသားချင်းအချို့နှင့် ရင်းရင်းနှီးနှီး ဆုံတွေ့ခွင့်ကို မျှော်လင့်မိသည်။

ကျွန်တော် မျှော်လင့်ထားသော နွေးထွေး၍ စိတ်လှုပ်ရှားတက်ကြွဖွယ်ကောင်းသည့် ညနေခင်းတစ်ခုက မှုန်မှိုင်းသော မျက်နှာထားနှင့် လူနှစ်ယောက်ကြောင့် မြန်မြန်ပင် မှိန်ပျောက်သွားခဲ့ပါသည်။ သူတို့၏ ကုတ်အင်္ကျီရင်ဘတ်၌ ချိတ်ထားသော ညီလာခံတံဆိပ်များက ဤလူများသည် ကျွန်တော် ရှာဖွေနေသော လူများဖြစ်ကြောင်း သက်သေခံနေကြသည်။ ပြင်းပြသောစိတ်တစ်ခုကို ချုးနှိမ်ထားရသည့်ပုံမျိုးနှင့် သူတို့က ကျွန်တော့်ကို နှုတ်ဆက်ကြသည်။ "ဒေါက်တာ ရှူးလား၊ လာရောက်တဲ့အတွက် ကျေးဇူးတင်ပါတယ်။"

သူတို့၏ စကားတို့က ကျွန်တော် ကြိမ်ဖန်များစွာ သွားရောက်ခဲ့ဖူးသော ကြေကွဲဝမ်းနည်းဖွယ်ရာ နေရာအချို့အား အမှတ်ရသွားစေပါသည်။ ဆေးရုံတွေ၊ ရေခဲတိုက်တွေ၊ တရားရုံးတွေ၊ သုသာန်တွေမှာ "လာရောက်တဲ့အတွက် ကျေးဇူးတင်ပါတယ်"ဆိုသော စကားများကို ကျွန်တော် ကြားဖူး

mgyoe.com

mgyoe.com  SAMPLE BOOK 

လှပြီ။ စိတ်ဓာတ်မြင့်တင်ရေးပွဲတစ်ခုသို့ ရောက်နေသည်နှင့် မတူဘဲ ဝမ်းနည်းဖွယ်ရာနေရာတစ်ခုကို ရောက်ရှိနေသလို ကျွန်တော် မခံစားဘဲ မနေနိုင်ခဲ့ပေ။

ပိုင်ယ်ပုံရသောလူက စကားစပြောသည်။ "ဒီအထဲမှာ ခင်ဗျားဟောပြောတာကို နားထောင်ဖို့ စောင့်နေတဲ့ လူပေါင်းသုံးထောင့်ငါးရာရှိတယ်"

သူ့အဖော်က ကြားဖြတ်ပြောသည်။ "ဒီလူတွေဟာ ခက်ခဲတဲ့ အချိန်တွေကို ကျော်ဖြတ်နေရတယ်။ သူတို့ဟာ ခင်ဗျားရဲ့ ရယ်စရာကောင်းတဲ့ ဇာတ်လမ်းတွေကို နားမထောင်ချင်ဘူး။ ရုပ်မြင်သံကြားမှာ ခင်ဗျားလုပ်သလို ပါးစပ်ကို နားရွက်ချိတ်အောင် ပြုံးဖြီးဖြီးကြီး လုပ်ပြတာကိုလည်း မကြည့်ချင်ဘူး။ 'အားလုံးအဆင်ပြေသွားမှာပါ'ဆိုတဲ့ အနှစ်မပါတဲ့ ကတိစကားတစ်ခွန်းနဲ့ ကျောသပ်ရင်သပ်လုပ်တာကိုလည်း မခံချင်ပါဘူး"

ထိုနေရာ၌ အမျိုးသားနှစ်ယောက်စလုံးသည် ကျွန်တော်ဝင်ရောက်လာသည်ကို ပိတ်ဆို့ထားသည့်အလား ပခုံးချင်းယှဉ်တန်းကာ ရပ်လိုက်ကြသည်။ ပထမလူက စကားဆက်သည်။ "ဟုတ်တယ် ဒေါက်တာရှူးလား။ ဒီလူတွေဟာ သူတို့ရဲ့ လယ်မြေတွေကို ဆုံးရှုံးနေကြတယ်။ သူတို့လုပ်ငန်းတွေ ဒေဝါလီခံရတော့မှာ သူတို့ အိမ်ထောင်တွေ၊ သူတို့မိသားစုတွေအပေါ်မှာ ကြောက်စရာကောင်းတဲ့ ဖိစီးမှုတွေ ရှိနေတယ်။ သူတို့ အကူအညီလိုအပ်နေတယ်။ အားလုံးထက် သူတို့လိုအပ်နေတာက မျှော်လင့်ချက်ပဲ။ သူတို့ကို အဲဒီမျှော်လင့်ချက် ပေးလိုက်ပါ။"

ဤသတိပေးချက်အပြီးတွင် ကျွန်တော့်ကုတ်အင်္ကျီမှာ မိုက်ချိတ်ပေးနေသော အသံပိုင်းဆိုင်ရာ တာဝန်ရှိသူကို သူတို့က ခေါင်းဆတ်ပြလိုက်ကြသည်။ အသံပြင်ဆင်မှုလုပ်နေစဉ် ဟောပြောပွဲစင်မြင့်နှင့် စတိတ်ခုံနောက်ပိုင်းကို ခြားထားသော ပါးလွှာသည့် နံရံကိုဖြတ်၍ အခမ်းအနားမှူး၏မိတ်ဆက်စကား ပြောကြားသံကို ကြားလိုက်ရသည်။ "ဧည့်ပရိသတ်များခင်ဗျား၊ ကျွန်တော်တို့ရဲ့ အဓိက ဟောပြောပေးမယ့် ပုဂ္ဂိုလ်ကို ဂုဏ်ယူစွာနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ သူ့နာမည်ကတော့ ဒေါက်တာရောဘတ်ရှူးလား ဖြစ်ပါတယ်။ သူဟာ ကမ္ဘာကျော် ခရစ်ယာန်တယ် ဘုရား

mgyoe.com

mgyoe.com SAMPLE BOOK

ကျောင်းတော်က သင်းအုပ်ဆရာတစ်ယောက် ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာရော ကမ္ဘာတစ်ဝန်းလုံးမှာပါ ဒေါက်တာ ရောဘတ်ရှူးလားလောက် အကြိမ်ရေများများ ဟောပြောပေးနေရတဲ့ သင်းအုပ်ဆရာမျိုး မရှိပါဘူး။ အခု ဒေါက်တာ ရောဘတ်ရှူးလားကို စင်မြင့်ပေါ်ကို ကြွရောက်ဖို့ လေးစားစွာ ဖိတ်ခေါ်ပါတယ်။ ကြိုဆိုလိုက်ကြရအောင်ဗျာ။"

ညှိုးငယ်နေသော စိတ်နှလုံးသားပိုင်ရှင်တစ်စုကို မျက်နှာချင်းဆိုင်ရန် စင်ပေါ်သို့ ကျွန်တော်တက်ရောက်လာချိန်၌ အားပါးတရ သြဘာပေးလိုက်သံက ကျွန်တော့်ကို လွှမ်းခြုံသွားခဲ့သည်။ လူပေါင်း ၃,၅၀၀ က မတ်တတ်ရပ်ကာ ကျွန်တော့်ကို လက်ခုပ်သြဘာပေးနေကြသည်။ ခန်းမကြီးအတွင်းမှာ လူအပြည့်ဖြစ်နေသည်။

စိတ်ထဲမှာ တုန်လှုပ်မိသည်။ ကျွန်တော် ဂရုတစိုက် ပြင်ဆင်လာသော ဟောပြောချက်က လေမှာလွင့်ပါသွားခဲ့ပြီ။ ပျော်စေပြက်စေ ပရိသတ်ကို လှုပ်နိုးမည့်အကြံနှင့် ပြင်ဆင်လာခဲ့သော ဟာသသုံးခုခန့်မှာလည်း အဆီအငေါ်တည့်မည့်ပုံ မပေါ်ပေ။

ဤဒုက္ခရောက်နေသော လူတို့အား ဘာပြောရမည်နည်းဆိုသည်ကို ရေးရေးမျှပင် စိတ်ကူးမပေါ်ဘဲနှင့် စင်ပေါ်ကို ကျွန်တော်ရောက်လာခဲ့သည်။ အတွေးတို့ကို စုစည်းဖို့ ကြိုးစားရင်း စင်တစ်ဖက်မှ အခြားတစ်ဖက်ဆီ သို့ တိတ်ဆိတ်စွာဖြင့် လှမ်းသွားလိုက်သည်။ ပရိသတ်ဆီမှ မျက်လုံးများ ကို ကျွန်တော် ရှာဖွေကြည့်မိသည်။ ခပ်ထန်ထန် မျက်နှာထားနှင့် ကြိုဆိုရေးကော်မတီ၏ စကားများကိုလည်း ပြန်စဉ်းစားမိသည်။ မေးခွန်းတစ်ခု လောက်မေးပြီး ကျွန်တော့်အခြေအနေကို ဣန္ဒြေပြန်ဆည်ဖို့ ဆုံးဖြတ်လိုက်သည်။

"ခင်ဗျားတို့မှာ ခက်ခဲတဲ့ အချိန်တွေ ရှိနေတယ်လို့ ကျွန်တော့်ကို ပြောလိုက်ကြတယ်။ အဲဒါ ဟုတ်လား"

ဒီမေးခွန်းက ကျွန်တော့်အတွက် တန်ဖိုးရှိလှသော ရပ်နားချိန်တစ်ခုကို ပေးပါသည်။ ထိုကဲ့သို့ ရပ်နားချိန်မျိုးက ပရိသတ်ရှေ့ဟောပြောသူ တစ်ယောက်အတွက် အသက်ကယ်ဆေး ဖြစ်နိုင်ပါသည်။

ယုံကြည်ချက်အပြည့်ရှိသော ဟောပြောသူတစ်ယောက်နှယ် ဟန်ပြင်

mgyoe.com

mgyoe.com  SAMPLE BOOK 

ရင်း ဘယ်ပြန်ညာပြန် လမ်းဆက်လျှောက်မိသည်။

ကျွန်တော့်အဖွင့်မေးခွန်းက သူတို့၏ အာရုံကို ဖမ်းစားထားပြီဖြစ်ကြောင်း ကျွန်တော်ပြောနိုင်ပါသည်။ မလာခင်က ပြင်ဆင်ခဲ့သော ဟာသသုံးပုဒ်ထက်ပင် စွမ်းပုံရပါသည်။

ဤလူတွေကို လှိုက်လှိုက်လှဲလှဲကူညီချင်စိတ်၊ မျှော်လင့်ချက်ပေးလိုစိတ်တို့ဖြင့် ကျွန်တော်တို့တိုင်းပြည်၏ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးတို့အတွက် ပဓာနကျသော လုပ်ငန်းတစ်ခုကို ကိုယ်စားပြုကြသည့် ဤအမျိုးသား၊ အမျိုးသမီးများ၏ အပူတပြင်း ပြဿနာများကို တတ်နိုင်သမျှ ဖြေရှင်းပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ သူတို့သည် အမေရိက၏ စားနပ်ရိက္ခာအတွက် ပင်မဒေါက်တိုင်ဖြစ်ပါသည်။ ကျွန်တော်တို့တိုင်းပြည်၏ ဈေးထဲက အစားအစာများ၊ စားပွဲပေါ်က အစားအစာများက ဤစိုက်ပျိုးရေးကို လုပ်ကိုင်နေကြသော လူတို့၏ လုပ်အားနှင့် ဦးစီးလုပ်ဆောင်မှုထံမှ လာပါသည်။

လွန်ခဲ့သော နှစ်များဆီက ကျွန်တော်၏ စာသင်သားအတွေ့အကြုံများကို ပြန်ပြောင်းစဉ်းစားမိပါ၏။ ပရိသတ်ရှေ့ဟောပြောခြင်းနှင့်ပတ်သက်၍ ကျွန်တော် သင်ယူခဲ့ဖူးသည့်အကြောင်းအရာတစ်ရပ်ရှိပါသည်။ အထိရောက်ဆုံးဟောပြောမှုဆိုသည်မှာ တရားဟောခြင်းမဟုတ် သက်သေခံ ခြင်းဖြစ်သည်ဟူ၏။ အခြေခံသဘောမှာ ဤသို့ဖြစ်သည်။ ပေးစရာ အကြံဉာဏ်မရှိလျှင် ကိုယ့်အကြောင်းကိုသာ ပြောပြရန် ဖြစ်သည်။

သင့်ဘဝမှာ စိတ်လှုပ်ရှားစရာ အကြောင်းအရာတစ်ခုခု၊ စိန်ခေါ်မှု၊ အကျပ်အတည်းနှင့် သန္နိဋ္ဌာန်တစ်ခုခု ရှိနေသည်ဆိုလျှင် အများသူငါသိအောင် ပြောပြလိုက်ပါ။ ဇာတ်လမ်းကောင်းတစ်ပုဒ်ကို လူတိုင်း သဘောတွေ့ကြပါသည်။

ဤသဘောတရားကိုယူ၍ ကျွန်တော့်ဘဝ၌ ခက်ခဲသော အချိန်များအား မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းခဲ့သည်သနည်းဆိုသည်ကို လယ်သမားများကို ပြောပြရန်ဆုံးဖြတ်ခဲ့ပါသည်။

ကျွန်တော့်မှာလည်း ခက်ခဲသော အချိန်များ ရှိခဲ့ဖူးကြောင်းကို ကျွန်တော့်ပရိသတ်သိမှ သိပါလေစဟု ထင်မိသည်။ ကျွန်တော့်အကြောင်း

mgyoe.com

mgyoe.com SAMPLE BOOK
မိတ်ဆက်ပြောဆိုသမျှတွင် ကျွန်တော်က နာမည်ကျော် ဘုရားကျောင်းမှ သင်းအုပ်ဆရာတစ်ယောက်၊ အောင်မြင်သော ဟောပြောသူတစ်ယောက် စသဖြင့်သာ အကြမ်းဖျင်းပါဝင်ခဲ့သည်။ ကျွန်တော့်ကို အလွန်အောင်မြင်သူတစ်ယောက်ဟုသာ သိရှိထားသည်။ ကျွန်တော်သည်လည်း ယခု သူတို့လျှောက်နေသော လမ်းကြောင်းတစ်ခုတည်းပေါ်မှာ လျှောက်လှမ်းခဲ့ရကြောင်း သူတို့ကို မည်သူမှ ပြောမပြထားကြပါ။

သူတို့ကို ကျွန်တော် ဘယ်အကြောင်း ပြောပြရင် ကောင်းမလဲ။ အနုတ်နှစ်ဆယ်ဒီဂရီအထိအေးတဲ့ နှင်းမုန်တိုင်းတစ်ခု ကြမ်းကြမ်းရိုင်းရိုင်းဖြတ်တိုက်သွားတဲ့ အထီးကျန်ပြီး မှောင်မိုက်တဲ့ အိုင်အိုဝါညတစ်ညအကြောင်းကို ပြောပြရင်ကောင်းမလား။

ယိုင်နဲ့နဲ့ လယ်တောအိမ်ကို ဖြတ်တိုက်တဲ့လေဟာ ကျွန်တော့်အခန်းအနောက်မြောက်ထောင့်မှာရှိတဲ့ ပြတင်းပေါက်ပေါင်ကြားက အက်ကြောင်းတွေကနေ အောင်အောင်မြင်မြင် တိုးဝင်လာပြီး အိပ်ရာဘေးက ကြမ်းပေါ်မှာ လတ်လတ်ဆတ်ဆတ် နှင်းခဲတွေ အပုံလိုက် ရောက်လာတဲ့အကြောင်း ပြောရမလား။

အိမ်ကို နွေးထွေးအောင်လုပ်ဖို့ မီးသွေးဝယ်စရာ ပိုက်ဆံမရှိခဲ့တဲ့အကြောင်း ပြောပြရမလား။

လေဆင်နှာမောင်းတိုက်တုန်းက သေလုမြောပါး ထွက်ပြေးခဲ့ရတဲ့အကြောင်းကို ပြောရမလား။

ကောလိပ်ကျောင်းတက်ရဖို့ ရုန်းကန်ခဲ့ရတဲ့ အကြောင်းတွေကို ပြောသင့်လား။

သူစိမ်းနေရာတစ်ခုမှာ အသိအကျွမ်းမရှိ၊ မိတ်ဆွေမရှိ၊ ပိုင်ဆိုင်မှုမရှိ၊ ထောက်ပံ့ပေးမယ့် သူမရှိဘဲနဲ့ ဒေါ်လာငါးရာတည်းနဲ့ ဘုရားကျောင်းတစ်ခု စတည်ထောင်ဖို့ ရုန်းကန်ခဲ့ရတဲ့အကြောင်းကို ပြောရင်ကောင်းမလား။

ကျွန်တော့်ဇနီးဟာ ကင်ဆာရောဂါဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားရတဲ့အကြောင်း၊ ကျွန်တော့်သမီးဟာ မော်တော်ဆိုင်ကယ်မတော်တဆမှုတစ်ခုမှာ သေလုမြောပါး ထိခိုက်ဒဏ်ရာ ရရှိပြီး ခြေထောက်တစ်ဖက်ဖြတ်လိုက်ရတဲ့အကြောင်းကို ပြောပြပါမလား။

mgyoe.com

mgyoe.com  SAMPLE BOOK 

ပြီးခဲ့တဲ့ သုံးနှစ်လုံးမှာ ခြေထောက်ငုံးတိဖြစ်သွားတဲ့ ဆယ်ကျော်သက် သမီးတစ်ယောက်ကို သူ့ဘဝမှာ အကျိုးရှိရှိ အလိုက်သင့်နေတတ်ထိုင် တတ်သွားအောင် ကူညီရုန်းကန်ပေးခဲ့ရတဲ့ အကြောင်းတွေ ပြောပြရမလား။

ခရစ္စတယ်ဘုရားကျောင်းကို ဆောက်လည်း မဆောက်ချင်၊ ပိုက်ဆံလည်းမရှိ၊ ပြီးတော့ အထိမ်းအမှတ် အဆောက်အအုံတစ်ခုဆောက်လို့ ဝေဖန်ခံရနိုင်တယ်ဆိုတာကိုလည်း သိနေတာတောင် အခြေအနေတွေက ကိုယ့်ဆန္ဒကို လွန်ဆန်ပြီး ချောင်ပိတ်မိသလို ဖြစ်ခဲ့တဲ့အကြောင်းတွေ ပြောပြရမလား။

ကျွန်တော့် ဘဝဇာတ်ကြောင်း အိတ်သွန်ဖာမှောက် ပြောဖို့တော့ မဖြစ်နိုင်။ သို့သော် ကျွန်တော် ဖြတ်သန်းခဲ့ရသော ခက်ခဲသော အချိန်များ အကြောင်း ကိုယ်တွေ့အဖြစ်အပျက်တို့နှင့် အပြုသဘောတွေးတောခြင်း (possibility thinking)အပေါ်အခြေခံသော ယုံကြည်မှုမှတစ်ဆင့် ၎င်းတို့အား မည်သို့ အောင်အောင်မြင်မြင် ကိုင်တွယ်ဖြေရှင်းခဲ့သနည်းဆိုသည့် အကြောင်းအရာတို့အား စတင်၍ပြောပြရန် ဆုံးဖြတ်ခဲ့သည်။

"လယ်သမားဘဝဆိုတာ ဘယ်တုန်းကမှ မလွယ်ကူခဲ့ပါဘူး။ ကျွန်တော် ကလေးဘဝကို ဖြတ်သန်းခဲ့ရတဲ့ လယ်တောဟာ အနောက်အလယ်ပိုင်းက သမားရိုးကျလယ်တော တစ်ခုပါပဲ။ ခပ်သေးသေး လယ်တောတစ်ခုလို့ ဆိုချင်တာပါ။ လုပ်ငန်းကိုင်ငန်းကတော့ ရိုးရိုးစိုက်ကြပျိုးကြရုံတင်မဟုတ်ပါ ဘူး။ သီးနှံတွေကို ရိတ်သိမ်းပြီးရင် ခြံမွေးတိရစ္ဆာန်တွေကို အစာအဖြစ် ကျွေးပါတယ်။ ကြက်တွေက ဥ ဥပေးတယ်။ အဲဒီ ကြက်ဥတွေကို စားသောက်ကုန်တွေနဲ့ လဲယူရပါတယ်။ နွားတွေက မြစ်ကြောင်းတစ်လျှောက်က ထွန်ယက်ဖို့ခက်တဲ့ မြက်ခင်းမြေတွေမှာ စားကျက်ရှာကြပါတယ်။ ကျွန်တော်တို့က နွားတွေဆီက နို့ညှစ်ပြီး နို့ကို ရောင်းပါတယ်။ ဝက်တွေ အရွယ်ကောင်းရောက်ရင် ဈေးမှာသွားရောင်းတယ်။ ကျွန်တော်တို့လယ်က တစ်သီးစား လယ်ပါပဲ။ ဂျုံနဲ့ ပြောင်းတွေကို နွေဦး မှာစိုက်၊ ဆောင်းမဝင်ခင်ရိတ်ပြီး ကျီတွေထဲထည့်၊ ဝက်စာသိုလှောင်ရပါတယ်။ ဆောင်းရာသီကတော့ နွေဦး ပေါက်မှာကို မျှော်လင့်စောင့်စားရင်းနဲ့ ရုန်းကန်ရှင်သန်ရတဲ့အချိန်ပါပဲ။"

"ကျွန်တော့်အဖေက ကျွန်တော်တို့လယ်တောကို ဈေးအမြင့်ဆုံးဆိုတဲ့

mgyoe.com

mgyoe.com SAMPLE EBOOK

အချိန်မှာ ဝယ်လိုက်မိတာပါ။ ခြံမြေဈေးတွေက တရိပ်ရိပ် တက်လာခဲ့ တယ်။ မြေဝယ်ပြီး သုံးလေးနှစ်အကြာ ၁၉၂၆ ခုနှစ်မှာမှ ကျွန်တော့်ကို မွေးတယ်။

ဒီလယ်မြေကို ဝယ်ဖို့ အဖေငွေစုခဲ့ပုံအကြောင်းကလည်း ဇာတ်လမ်း တစ်ပုဒ်ပါပဲ။ အဖေ ဆယ်ကျော်သက်အရွယ်မှာ သူ့အဖေ၊ ကျွန်တော့် အဘိုး ဆုံးတယ်။ အဖေ ခြောက်တန်းနဲ့ ကျောင်းထွက်လိုက်ရတယ်။ ပြီးတော့ သူများလယ်တွေမှာ သူရင်းငှားဝင်လုပ်ရတယ်။ အဖေက ချွေတာတတ်တော့ ငွေကလေး နည်းနည်းစုမိတယ်။

နောက်ဆုံးမှာ ၁၆၀ ဧကရှိတဲ့ လယ်မြေကို ဝယ်လောက်တဲ့အထိ ပိုက်ဆံ စုမိလာတယ်။ ကံမကောင်းတာက ဈေးခေါင်ခိုက်နေတုန်း သွားဝယ်မိလိုက် တာပဲ။ ကျွန်တော်သုံးနှစ်သားမှာ စီးပွားပျက်ကပ်(Great Depression) နဲ့ ကြုံရတယ်။ မြေဈေးတွေလည်း စတော့ဈေးနဲ့အတူ ထိုးကျကုန်တယ်။ ဝေါစထရီမှာ တကယ့်ထိပ်သီး ကုမ္ပဏီအကြီးအကဲတွေ ကိုယ့်ကိုယ်ကိုယ် သတ်သေကုန်ကြတဲ့အချိန်မှာ အမေရိကရဲ့မူလလက်ဟောင်း အသေးစား စီးပွားရေးသမားတွေဖြစ်တဲ့ အထီးကျန် လယ်သမားတွေကတော့ ရှင်သန်ဖို့ မျှော်လင့်ရင်းနဲ့ ကမ္ဘာမြေကြီးကို ကျိုးပဲ့နေတဲ့ လက်သည်းတွေနဲ့ ကုတ်တွယ် နေခဲ့ကြတယ်။

ကျွန်တော့်အဖေဟာ ဒီလို ကြံ့ခိုင်ဖွဲ့နပဲကြီးတဲ့ လယ်သမားတွေထဲက တစ်ယောက်ဖြစ်ပါတယ်။ ဆောင်းရာသီက အဆိုးဆုံးပါပဲ။ မီးသွေးဝယ် ဖို့ ပိုက်ဆံမရှိခဲ့တဲ့ အချိန်တွေကို ကျွန်တော်ဖြင့် မေ့နိုင်မယ် မထင်ပါဘူး။ အိမ်ဘေးမှာ ပတ်ရံပေါက်နေတဲ့ သစ်ပင်တွေကိုတော့ လောင်စာအတွက် စတေးခံလို့မဖြစ်တဲ့ အဖိုးတန်သက်ရှိသတ္တဝါတွေလို ကျွန်တော်တို့က သဘောထားတာပါ။ ဒါကြောင့် အဲဒီ သစ်ပင်တွေကိုတော့ ဖြတ်တောက် ခုတ်ထစ်ဖို့ ဘယ်တုန်းကမှ မစဉ်းစားပါဘူး။

ကျွန်တော်ကတော့ ကလေးတစ်ယောက် တစ်ပိုင်တစ်နိုင် လုပ်နိုင်တဲ့ အလုပ်ဖြစ်တဲ့ ဝက်ခြံမှာ ပြောင်းဖူးရိုးကောက်တဲ့အလုပ်ကို လုပ်ရပါတယ်။ သုံးပေလောက်မြင့်တဲ့ သစ်သားခြံစည်းရိုးချွန်ချွန်ကို ခွကျော်၊ အကောင် တစ်ရာလောက်ရှိပြီး အညစ်အကြေးတလူးလူးနဲ့ ဝက်ခြံမှာခြင်းတောင်း တစ်လုံးနဲ့ ဝက်စားကျွေးပြီး ကျန်တဲ့ပြောင်းဖူးရိုးတွေကို လိုက်ကောက်ရ

mgyoe.com

mgyoe.com SAMPLE BOOK

တာပါ။

ပြောင်းဖူးတစ်ရိုးတောင် မကျန်စေရပါဘူး။ ပြောင်းဖူးရိုးတစ်ချောင်းစီတိုင်းဟာ အဖိုးတန်ပါတယ်။ ခြင်းတောင်းပြည့်သွားရင် အိမ်ကို ပြန်သယ်သွားတယ်။ ပြောင်းဖူးရိုးတွေကို မီးဖိုချောင်က မီးဖိုမှာ လောင်စာအဖြစ်သုံးတယ်။ ဧည့်ခန်းကျဉ်းကျဉ်းလေးထဲက အပူပေးစီးဖိုနပ်အတွက်လည်း သုံးတယ်။ အိမ်မှာ အပူထွက်တဲ့ ရင်းမြစ်က ဒီနှစ်ခုပဲရှိပါတယ်။ မျက်နှာကြက်မှာရှိတဲ့ ဆန်ခါပေါက်ကလေးတွေက အောက်ထပ် မီးဖိုဆောင်နဲ့ ဧည့်ခန်းက ထွက်တဲ့အပူဓာတ်ကို အပေါ်ထပ်အိပ်ခန်းတွေဆီကို ရောက်အောင်ပို့ပေးပါတယ်။ ဒါပေမဲ့လည်း နံရံအက်ကြောင်းတွေက ဝင်လာတဲ့ အေးစက်နေတဲ့ လေဒဏ်ကို အန်တုဖို့မလွယ်ပါဘူး။"

"ဒါ တကယ်ကို ခက်ခဲခဲ့တဲ့ အချိန်တွေပါပဲ"ဟု ကျွန်တော်က လေသံကိုမြှင့်ကာ ပြောလိုက်သည်။

ထို့နောက် မိုးကြီးခေါင်သည့် နှစ်တွေအကြောင်းကို ကျွန်တော် ပြန်ပြောပြဖြစ်သည်။ စီးပွားရေးကျဆင်းမှုက တစ်နိုင်ငံလုံးကို ပျက်စီးယိုယွင်းသွားစေခဲ့သည့်တိုင်အောင် အိုင်အိုဝါပြည်နယ်မှ လယ်သမားများကတော့ ပို၍ခက်ခဲကြမ်းတမ်းသော တိုက်ပွဲကိုရင်ဆိုင်တိုက်ခိုက်နေရသည်။ မည်သို့မည်ပုံ ဖြစ်သည်မသိ၊ ပုံမှန်နွေဦး ရွာနေကျမိုးက မရွာသဖြင့် ပြောင်းနှင့်အုတ်ဂျုံ ပျိုးပင်များမှာ ရေမရကြပေ။ ကျွန်တော့်အဖေ စုဆောင်းထားသမျှ အဖိုးတန်ပိုက်ဆံကလေးနည်းနည်းမှာလည်း မျိုးပြောင်းဝယ်ရာ၌ အကုန်ခံလိုက်ရသည်။

သီးနှံအစေ့တွေကို မြို့ယူသွား၍ ရောင်းချလျှင် ပိုက်ဆံရနိုင်ပါလျက်နှင့် ပုပ်ကာ သေသွားနိုင်သော မြေကြီးအတွင်းသို့ အဖေ ဘယ်လိုကြောင့် စွန့်စွန့်စားစား မျိုးစေ့များကြဲချနိုင်ရသနည်းဆိုသည်ကို ကျွန်တော် တွေးမရနိုင် ဖြစ်ခဲ့ဖူးပါသည်။ "ဖေဖေ ဘာလို့ စွန့်လုပ်ရတာလဲ" တစ်ခါက ကျွန်တော် အဖေ့ကို မေးကြည့်ဖူးသည်။ "ဒီအတိုင်း စိတ်ချရတဲ့နေရာမှာပဲ ဘာလို့ သွားရောင်းမစားရတာလဲ။"

"စွန့်လုပ်မကြည့်တဲ့ လူတွေဟာ ဘယ်တော့မှ ရှေ့တန်းကို မရောက်ဘူး။" သူက အမြော်အမြင်ရှိရှိ ကျွန်တော့်ကို သင်ပြပေးခဲ့ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK


မှန်ပါသည်။ ဆတိုးသဘောတရားကို အသုံးမချဘဲနှင့် အောင်မြင်မှု ဟူ၍ မရှိနိုင်ပေ။ ယင်းက လယ်သမားတိုင်း နားလည်သော ပင်ကို သဘာဝ အခြေခံသဘောတရားတစ်ခု ဖြစ်သည်။ သို့နှင့် ၁၉၃၁၊ ၁၉၃၂နှင့် ၁၉၃၃ နွေဦးရာသီတို့၌ အဖေသည် သူ့မှာရှိသမျှ နောက်ဆုံးကျန်သည့် ပြောင်းစေ့ တစ်ခွက်၊ အုတ်မျိုးတစ်ခွက်တို့ကို မိုးရွာဖို့မျှော်လင့်ရင်း သူ၏ ရှိစု မဲ့စု လယ်မြေပေါ်သို့ ကြဲချစိုက်ပျိုးခဲ့သည်။ သူ့စိတ်ကူးထဲမှာတော့ အစေ့ကလေး တွေ စိုစွတ်ဖောင်းပွလာကာ နူးညံ့သော မြေဆီလွှာကို ဖောက်၍ အစို့ အညှောက်အဖြစ် ထွက်လာလိမ့်မည်လားဟု မျှော်လင့်ခဲ့သည်။ အစိမ်းရောင် ဖျော့ဖျော့ ပြောင်းဖူးပင်တန်းများက အနက်ရောင် အိုင်အိုဝါမြေနောက်ခံ၌ အပြိုင်းအရိုင်း ရှန်းထလာကြတော့မည်ဟု မျှော်လင့်ခဲ့သည်။

လယ်သမားတစ်ယောက်၏ အောင်မြင်ခြင်း၌ မိုးရွာသွန်းမှုက မုချ လိုအပ်ပါသည်။ အိုင်အိုဝါပြည်နယ်မှ လယ်သမားတို့က အနည်းဆုံးတော့ နှစ်ပတ်တစ်ကြိမ်လောက် မိုးရွာဖို့ တောင့်တကြသည်။

အကြောင်းတစ်ခုခုကြောင့် သုံးပတ်၊ လေးပတ်ကြာအောင် မိုးမရွာခဲ့ လျှင် အပေါ်ယံမြေဆီလွှာ တစ်လက်မခန့် အရင်ဆုံးခြောက်သွေ့သွား ပေမည်။ မိုးကဆက်၍ မရွာဘဲနေလျှင် မြေဆီလွှာအတွင်းပိုင်းအထိ တဖြည်းဖြည်း ခြောက်လိုက်လာပြီး ပြောင်းပင်ပေါက်များ၏ ရေသောက် မြစ်တို့ ခြောက်ကုန်ကာ အပင်သေရသည်။

မိုးနှစ်ပတ်လောက် မရွာသည့်အခါ အဖေစိုးရိမ်လာသည်။ တတိယ ပတ်နှင့် စတုတ္ထပတ် မိုးဆက်မရွာလျှင် အဖေ့မျက်နှာမှ စိုးရိမ်ပူပန်ရိပ်တွေက ဖုံးဖိ၍မနိုင်တော့။ သို့သော် အဖေက တစ်ကြိမ်မှ ဒေါသမထွက်ခဲ့ဖူးပါ။

မိုးခေါင်သည့်ကိစ္စနှင့် ပတ်သက်၍ အဖေလုပ်သည့် တစ်ခုတည်းသော အရာမှာ ဆုတောင်းခြင်း ဖြစ်၏။ ဒါက သူလုပ်နိုင်သော တစ်ခုတည်းသော အရာ ဖြစ်၏။ အနီးပတ်ဝန်းကျင်မှ လယ်သမားများသည် အလိပ်အလိပ် ထနေသော မြေမျက်နှာပြင်ပေါ်ရှိ အဖြူရောင်ချာ့ချ် ကျောင်းကလေးများ အတွင်း စုဝေးကာ အထူးဆုတောင်းပွဲများ ပြုလုပ်ကြသည်။ လယ်သမား တို့သည် တစ်စုံတည်းသာရှိသော ဘုရားကျောင်းတက် ဝတ်စုံကို ကိုယ်စီ ဆင်မြန်းကာ ကိုယ်တော်ထံပါး၌ သူတို့လယ်၊ သူတို့ ကောက်ပဲသီးနှံများ ကို

mgyoe.com

mgyoe.com
SAMPLE BOOK


ကယ်မပေးပါရန် တောင်းဆုပြုကြသည်။ မိုးရွာပါစေကြောင်း ဆုတောင်းကြသည်။

ထို့နောက် သူတို့ လုပ်နိုင်သမျှမှာ အိမ်ကိုပြန်၍ ကိုယ်တော်၏ အဖြေကို စောင့်ဆိုင်းခြင်းပင်ဖြစ်သည်။ ဘုရားသခင်က တစ်နှစ်ပတ်လုံး တိတ်ဆိတ်နေတော်မူ၏။ နေပူရှိန်က တစ်ရက်ပြီးတစ်ရက် သီးနှံတွေအပေါ်ကို အားကုန်သွန်ချနေသည်။ နေ့တိုင်းလိုလို ကောင်းကင်ပေါ်၌ တိမ်စိုင်တိမ်စ တစ်ခုတလေများ တွေ့မည်လားဟု အငမ်းမရ ရှာဖွေကြည့်မိကြသည်။ သို့သော် မိုးတိမ်တို့က ကွယ်ပျောက်သွားကြစမြဲ ဖြစ်သည်။

နောက်ဆုံးမတော့ ကျွန်တော်တို့ ဆုတောင်းများကို အဖြေတော်ရှိသည့် အလား တိမ်စုစုကို ကောင်းကင်မှာ မြင်ရ၏။ မျှော်လင့်ချက်တို့ မြင့်မားလာကြပြန်သည်။ အငမ်းမရ လိုလားမက်မောခဲ့ရသော မိုးရေတို့ အနောက်အရပ်ကနေ ပါလာနေကြပြီ။ အမည်းရောင်ကောင်းကင်ပြင်မှာ လျှပ်နွယ်လျှပ်ပန်းတို့မြင်ရပြီး မိုးခြိမ်းသံလည်း ကြားရပြီ။ သစ်ပင်တို့က လေတိုက်တိုင်း ထိတ်လန့်တကြား ယိမ်းခါကုန်ကြသည်။ မိုးရွာလေပြီ။

ကျွန်တော်ကတော့ ပျော်ရွှင်မြူးထူးနေခဲ့သည်။ အဖေကတော့ ကျွန်တော့်လောက် ဝမ်းမြောက်ထက်သန်နေပုံမပေါ်။ အမေလည်း ထိုနည်းလည်းကောင်းပင်။ ကျွန်တော် မသိသေးသည်ကို သူတို့သိသည့်အတွက် ဖြစ်၏။ မိုးရေက လုံးလုံး မလုံလောက်ပေ။ မိုးသက်မုန်တိုင်း ဖြတ်သန်းသွားသည့် အရိပ်အယောင်ဖြစ်သော ခပ်ဝေးဝေးဆီက နောက်ဆုံးမိုးခြိမ်းသံပဲ့တင်ထပ်လာပြီးသည့်နောက် နေရောင်စူးစူးဖြာလာကာ တစ်ဖန် ပူလာပြန်သည်။ ကျွန်တော်တို့ အပြင်ကို ထွက်ကြည့်ကြသည်။ အဖေက စိုထိုင်းထိုင်းအပေါ်ယံမြေကြီးကို လက်တစ်ဆုပ်စာလောက် ယူကြည့်သည်။ အပေါ်ပိုင်းသုံးပုံတစ်ပုံစာလောက်သာ စိုစွတ်မည်းနက်နေသည်။ ကျန်မြေကြီးတို့မှာ ခြောက်သွေ့ကာ အမှုန့်ဖြစ်နေသည်။

ထို့နောက် ဘယ်အရပ်ကမှန်းမသိသော လေတွေတိုက်လာခဲ့သည်။ ကောင်းကင်က ပြာလွင်လွင်အရောင်မှ ညိုမှိုင်းမှိုင်းအရောင်၊ ထိုမှတစ်ဆင့် မည်းပုပ်ပုပ်အရောင်သို့ ပြောင်းလဲသွားသည်။ ကျွန်တော်တို့အသက်ရှူနေရသည့် သန့်ရှင်းလတ်ဆတ်သောလေက ရုတ်တရက်ဆိုသလို ဖုန်မှုန့်များနှင့်

mgyoe.com

mgyoe.com SAMPLE BOOK


ညစ်ညမ်းသွားခဲ့သည်။ "ဒါ ဒါကိုတာတောင်ပိုင်းက လာတဲ့လေပဲ ငါ့သား" ဟု အဖေက ပြောပါသည်။ အနောက်မြောက်ပိုင်း၌ အိုင်အိုဝါပြည်နယ်နှင့် နယ်နိမိတ်ချင်းကပ်နေသော ဒါကိုတာပြည်နယ်တောင်ပိုင်းမှာ အိုင်အိုဝါ ထက် အခြေအနေဆိုးသော မိုးခေါင်မှုနှင့် ကြုံနေရရှာသည်။ မြေမျက်နှာ ပြင် အပေါ်ပိုင်းကို စိုစွတ်သွားစေခဲ့သော ပြတ်တောင်းပြတ်တောင်းရွာသည့် မိုးကလေးကိုသော်မျှ မရကြရှာပေ။ စိုက်ခင်းစိုက်မြေ ကင်းမဲ့သော ကျတ်တီးမြေသည် စုရုံးလာသော လေထုရှေ့မှောက်၌ ကူကယ်ရာမဲ့ တည်ရှိ နေသည်။ ထိုလေများက ကမ္ဘာမြေ၏ ငှက်မွေးကဲ့သို့ ပေါ့ပါးသော အမှုန် အမွှားများကို ကောင်းကင်ထက်သို့ ဖွေ့ယမ်းတိုက်ခတ်သွားပြီး မိုင်ရာချီဝေး ကွာသော အရှေ့ဘက်သို့ သယ်ဆောင်သွားသည်။ နှင်းကျသလိုပင် ဖုန်မှုန့်များက ကျွန်တော်တို့ လယ်တောအပေါ် လာ၍အခြေချကြသည်။ လေပိုပြင်းလာသည့်အခါ မိုးခေါင်ခြင်းမှ ရုန်းကန်ရှင်သန်လာခဲ့သော ပြောင်းပင်တန်း အနည်းငယ်ပေါ်သို့ ဖုန်မှုန့်တွေ တဖွားဖွားကျလာသည်။ အထိအခိုက်မခံသော ပြောင်းဖူးပင်ပျိုများသည် သူတို့လိုအပ်နေသော ရေကြည်ရေပေါက်တို့နှင့် လားလားမျှ မသက်ဆိုင်သည့် လေပူကြမ်းက သယ်ဆောင်လာသော သဲမှုန့်များကြောင့် ညှိုးနွမ်းကာ အားယုတ်လာခဲ့ သည်။ အပျက်အစီးက ကြီးမားလှပါသည်။ သဲတို့ ဖုံးလွှမ်းသော လယ်မြေ တွင် ပြောင်းရိုးများက တိရစ္ဆာန်သေတို့၏ အရိုးများသဖွယ် ဟိုတစ်စ သည်တစ်စ ငေါ်ထွက်နေခဲ့သည်။

လေမှာ ထိုမျှနှင့် ရပ်မသွားသေး။ ကျွန်တော်တို့ မောင်နှမများမှာ အိမ်အပြင် မလှမ်းမကမ်း၌ရှိသော အိမ်သာသို့ သွားရာမှာပင် မျက်နှာကို အဝတ်စိုများအုပ်ကာ သွားရသည်က အလုပ်ဖြစ်လာသည်။ ရေသွားခပ် လျှင်လည်း ထိုနည်းလည်းကောင်းပင်၊ သို့မှသာ မျက်နှာကို သဲပက်သည့် ဒဏ်မှ ကာကွယ်နိုင်ပေမည်။

မြစ်ရေခန်းခြောက်လာသည်နှင့်အမျှ ကျွန်တော်တို့အတွက်ရေမှာ ပိုပို ပြီး ရှားပါးလာသည်။ ဖလွိုက်မြစ်က ကျွန်တော့်ငယ်ဘဝ၏ အရင်းနှီးဆုံး သူငယ်ချင်းဟု ဆိုနိုင်ပါသည်။ ကျယ်လွင့်သော စားကျက်မြေများအနီးရှိ မြစ်ကမ်းပါး စိမ်းစိမ်းပေါ်၌ လဲလျောင်းကာ မိုးပြာပြာမှ တိမ်စိုင်တိမ်လိပ်

mgyoe.com

mgyoe.com
SAMPLE BOOK


လုပ်သင့်လုပ်ထိုက်သော
အရာတစ်ခုအား
လုပ်ကြည့်ရဲသူဖြစ်လျှင်
လုံးဝ ရှုံးနိမ့်သူဟု
မဆိုနိုင်ပေ။

mgyoe.com

mgyoe.com SAMPLE BOOK


များ ပုံအမျိုးမျိုးပြောင်းလဲသွားသည်ကို ငေးကြည့်ဖူးပါသည်။ ထိုနေရာက ကျွန်တော့်ကို ဖန်ဆင်းရှင်နှင့် အနီးကပ်ဆုံးရှိနေသည်ဟု ခံစားရစေပါ သည်။

ဘုရားရှင်ဖန်ဆင်းသော စိမ်းလန်းသည့် သဘာဝဥယျာဉ်ကို မေ့မရအောင် ကျွန်တော်စွဲလမ်းခဲ့သည်။ နေ့နေ့ညည ထက်ကောင်းကင်ကို မော့ကြည့်ပြီး ဆုတောင်းခြင်းအမှုကို ပြုနိုင်သော နေရာတစ်ခုကို နောင်တွင် ကျွန်တော် မျှော်လင့်စိတ်ကူးယဉ်မိပါသည်။ ပူပန်သောကတို့အား ကုစားခြင်းကို ဆောင်ယူလာကာ ကျွန်တော်တို့၏ စိတ်သောကကို ကောင်းကင်ကဲ့သို့ ငြိမ်းအေးခြင်း ပေးစွမ်းနိုင်သော ဘုရားရှိခိုးကျောင်းတစ်ခုကို စိတ်ကူးပုံဖော်ကြည့်မိသည်။ နှစ်အတန်ကြာ၍ ထိုစိတ်ကူးအိပ်မက်ကို ခရစ္စတယ်ဘုရားရှိခိုးကျောင်း၌ ဖြည့်စွမ်းနိုင်ခဲ့သည်။

သို့သော် မိုးအကြီးအကျယ်ခေါင်သော ထိုနွေရာသီတုန်းကတော့ မြစ်ရေတွေ ခန်းခြောက်သွားသည်ကို ကျွန်တော် စောင့်ကြည့်ခဲ့ရသည်။ တစ်စတစ်စ ခန်းခြောက်သွားသော ရေအိုင်ငယ်လေးများ၏ နုန်းတွင် လူးလွန့်ရင်း လယ်ငါးခူများ သေကုန်ကြသည်။ ကျွန်တော်တို့အား သေခြင်းတရားက ဝိုင်းရံနေသည်။ မြစ်လည်းသေ ငါးတွေလည်းသေ၊ အရေးအကြီးဆုံးမှာ ကောက်နှံပင်များ သေကုန်ကြခြင်း ဖြစ်၏။

နောက်ဆုံးတွင် နွေရာသီက ဆောင်းဦးကို နေရာပေးလိုက်ရသည်။ နိုင်ငံတစ်ဝန်းမှ သတင်းစာများက အနောက်အလယ်ပိုင်းရှိ လယ်ယာမြေများ လုံးဝပျက်စီးဆုံးရှုံးကုန်ပြီဟု ထုတ်ဖော်ရေးသားကြသည်။ နယူးယောက်ဘဏ်သူဌေးများနှင့် ကော်ပိုရိတ်ခေါင်းဆောင်ကြီးများပင်လျှင် သူတို့စီးပွားပျက်ခြင်းထက် မသာလျှင်တောင် မလျော့သည့် ကပ်ဆိုးကြီးအပေါ် စိတ်ပူလာခဲ့ကြသည်။ အမေရိက၏ ရိက္ခာအိုးမှာ ဖြူခါပြာခါ ကျလျက်ရှိလေပြီ။

သာမန် နှစ်တစ်နှစ်သာဆိုလျှင် ကျွန်တော့်အဖေမှာ ကုန်လှည်းဒါဇင်များစွာဆံ့သည့် ပြောင်းဖူးများကို ခူးဆွတ်ရိတ်သိမ်းရဖို့ ဖြစ်သည်။ ထိုနှစ်ကတော့ အဖေ့ခမျာ ကုန်လှည်းတစ်ဝက်စာ ပြောင်းဖူးတောင် အနိုင်နိုင်ရခဲ့သည်။ ဒါတောင် ပုံမှန်နှစ်ဆိုလျှင် ညွန်ထူသဖြင့် စိုက်ပျိုးမဖြစ်သော မြေမှ ထွက်ရှိလာခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

လုံးလုံးကံဆိုးခြင်းလား။ မဆိုနိုင်ပါ။ ကုန်လှည်းတစ်ဝက်စာရှိသော ပြောင်းဖူးက ဘာမှမရသည်နှင့်စာလျှင် တော်ပါ၏။ ပြောရလျှင် ထိုနှစ် အစောပိုင်းက ကြဲချစိုက်ပျိုးခဲ့သော ပြောင်းမျိုးစေ့ ပမာဏနှင့် အတူတူပင် ဖြစ်ပါ၏။ လုံးလုံးဆုံးရှုံးခြင်းလား မဟုတ်ပါ။ ကျွန်တော်တို့ ဘာမှ မရခဲ့ပါ။ သို့သော် အရေးအကြီးဆုံးမှာ ကျွန်တော်တို့ ဘာကိုမှ မဆုံးရှုံးခြင်းပင်။

ထိုနေ့ည ညစာစားစဉ်က အဖေ့ရှိခိုးဆုတောင်းစကားကို ကျွန်တော် ဘယ်တော့မှ မေ့နိုင်မည် မထင်ပါ။

"အို အဖကိုယ်တော်၊ ဒီနှစ်မှာ ဘာကိုမှ မဆုံးရှုံးခဲ့တဲ့အတွက် ကိုယ်တော်အား ကျေးဇူးတင်ပါ၏။ ကျွန်ုပ်၏ မျိုးစေ့များအား ပြန်လည်ပေးသနားတော်မူသည့်အတွက် ကျေးဇူးတင်ပါ၏။" အဖေ့လောက်တော့ ကျန်လယ်သမားများက ယုံကြည်မှု မထားနိုင်ခဲ့ကြပါ။

"ရောင်းရန်" ဟူသည့် ဆိုင်းဘုတ်များက လယ်တော တစ်ကွက်ပြီး တစ်ကွက်တွင် ပေါ်လာကြသည်။ မျှော်လင့်ချက်မထားနိုင်တော့ဘဲ စိတ်ပျက်အားလျော့နေကြသော လယ်သမားများသည် သိမ်းဆည်းထုပ်ပိုးကာ သူတို့၏ မြေယာတို့ကို စွန့်ခွာသွားကြကုန်၏။ ကျန်လယ်သမားတို့ကမူ လက်မှိုင်ချ အရှုံးပေးလိုက်ကာ ဘဏ်မှာ အသိမ်းခံလိုက်ကြရသည်။

နှစ်အတန်ကြာတော့ အဖေ မည်သို့မည်ပုံ ရပ်တည်ရှေ့ဆက်နိုင်ခဲ့သနည်း ဟု မေးကြည့်ပါသည်။ တကယ်တော့ အဖေ့မှာ သီးသန့်စုဆောင်းထားသော ပိုက်ဆံလည်းမရှိ။ ချမ်းသာသော ဆွေမျိုးအသိုင်းအဝိုင်းဟူ၍လည်း မရှိပေ။

"အဖေ ဘဏ်ကို သွားခဲ့တယ်။ သူတို့သာ အဖေ့ကို ကူညီပေးမယ်ဆိုရင် တစ်နည်းနည်းနဲ့ သူတို့ပိုက်ဆံကို အဖေ ပြန်ဆပ်ပါမယ်လို့ ကတိပေးလိုက်တယ်။ အဖေ့ကို ငွေထပ်ပြီး ထုတ်ချေးဖို့၊ ငွေချေးစာချုပ်ကို ပြန်ပြင်ဆင်ဖို့၊ သတ်မှတ်ရက်ကို ရွှေ့ဆိုင်းပေးဖို့ တောင်းပန်ရတာပေါ့ သားရယ်။ ဘာကြောင့်ရယ် မသိဘူး။ ဘဏ်က အဖေ့ကို ယုံကြည်ပြီး ကူညီပေးခဲ့တယ်"ဟု အဖေက ပြန်ပြောပြခဲ့သည်။

ထိုဘဏ်ကို ကျွန်တော် မှတ်မိပါသည်။ ငယ်ငယ်က အဖေနှင့် လိုက်သွားခဲ့ဖူးသည်။ ဘဏ်က ပြက္ခဒိန်တစ်ခုပေါ်မှာ ရေးထားသော ဆောင်ပုဒ်

mgyoe.com

m g y o e . c o m  SAMPLE BOOK

တစ်ခုကိုပင် ကျွန်တော် မှတ်မိနေသည်။ "လူတော်များသည် ကြီးစွာသော စိတ်ပိုင်းဖြတ်မှုများရှိသည့် သာမန်လူများသာ ဖြစ်၏။"

ယင်းဆောင်ပုဒ်က ကျွန်တော့်အဖေ၏ အပြုသဘောဆောင်သော စိတ်ထားကို သာဓက ဖြစ်စေပြီး ဘဏ်မှလူများကိုလည်း အဖေ့အား ကူညီဆောင်ရွက်ပေးချင်လာအောင် လှုံ့ဆော်မှုဖြစ်စေခဲ့သည်ဟု ကျွန်တော် ယုံကြည်ပါသည်။

ယင်းဆောင်ပုဒ်ကပင် အဖေ့အောင်မြင်မှုအား ဖွင့်ဆိုရှင်းပြချက်တစ်ခု ဖြစ်ပြီး ကျွန်တော့်အတွက်လည်း ကောလိပ်ကျောင်းနှင့် ကျမ်းစာသင်ကျောင်းဟူသော ကျွန်တော့်အခြေအနေနှင့် မဖြစ်နိုင်သည့် စိတ်ကူးအိပ်မက်များကို ကြိုးပမ်းကြည့်ချင်လာအောင် စေ့ဆော်ပေးသော အရာတစ်ခု ဖြစ်ခဲ့ပါသည်။

နှစ်အနည်းငယ်ကြာပြီးနောက် တိတ်ဆိတ်အေးချမ်းသော ဇွန်လ၏ နေ့လယ်ခင်းတစ်ခုတွင် ရုတ်တရက် လေဆင်နှာမောင်း တိုက်လာသည်။ ကျွန်တော်က နွေရာသီကျောင်းပိတ်၍ အိမ်ပြန်လာခါစ။ အထုပ်အပိုးတွေပင် မဖြေရသေးပေ။ တစ်နေ့ခင်းလုံး တဝေါဝေါ ပွဲတင်ထပ်မြည်နေသည့် အသံကြီးကို အဖေနှင့် ကျွန်တော် ကြားနေရသည်။ ချောက်ချားဖွယ်အသံက အုံ့မှိုင်းဆင်နေသော မိုးတိမ်တွေပေါ်မှ ရထားအစင်းပေါင်းများစွာ ဖြတ်မောင်းသွားသယောင်ယောင် ထင်ရ၏။

"မိုးသီးမုန်တိုင်း ကျတော့မယ်ထင်တယ်"ဟု အဖေက ညည်းပါ၏။

သူ့အဖိုးတန်နှင်းဆီပင်များကို အသည်းအသန် ကာကွယ်ရန် လက်ဆွဲပုံးအလွတ်၊ ထင်းရှူးသေတ္တာပုံးခွံများနှင့် လိုက်၍ ဖုံးရဖိရသည်။ အချိန်က ခြောက်နာရီထိုးနေပေပြီ။ ညစာကို အူယားဖားယားစားရ၏။ အိမ်ရှေ့မြက်ခင်းပြင်၏ အပေါ်စီးမြင်ကွင်းမှကြည့်လျှင် နိမ့်ချည်မြင့်ချည်ဆင်းသွားသော လယ်တောမြေကို တစ်မိုင်ကျော် အကွာအဝေးအထိ မြင်နိုင်သည်။ နေကို မမြင်ရတော့ပေ။ အနောက်ဘက်ကောင်းကင်၌ ရွေ့လျားနေသော အမည်းရောင် ဒေဝါကောင်ကြီးက မျိုချလိုက်သည့်အလား ထင်ရသည်။

အိပ်ပျော်နေသော သားကောင်ရှိရာသို့ ချောင်းမြောင်းချဉ်းကပ်လာသော ကျားတစ်ကောင်ကဲ့သို့ သတိရှိရှိငြိမ်သက်ခြင်းမျိုးနှင့် မုန်တိုင်းက ဖြည်းဖြည်းချင်း

m g y o e . c o m

mgyoe.com

SAMPLE BOOK


နီးကပ်လာပါသည်။ လေပူများက တောလမ်းပေါ်မှ ခြောက်သွေ့နေသော ဖုန်မှုန့်များကို အပြင်းတိုက်ချသွားသည်။ လေတိုက်အား ပိုပြင်းသောအခါ မေပယ်ပင်အိုကြီးပင် ယိမ်းထိုးလာသည်။

အပြင်ဘက် စားကျက်မြေ၌ နွားမတစ်ကောင်သည် သူ၏သားငယ်ကို အနားရောက်လာစေရန် တဘူးဘူး တဘဲဘဲ အသံပြုရင်း ဗျာများနေသည်။

ကျွန်တော့် စီးတော်မြင်းမှာမူ လာလတ္တံ့သော သဘာဝဘေးကို ရိပ်စားမိပုံပေါ်သည်။ လည်ကိုမော့ ကိုယ်ဟန်ကြော့ကြော့ ရပ်တည်ကာ ရင်ဆိုင်တော့မည့်ပုံပြင်ထား၏။ အမြီးကို လေထဲမှာ ဖေ့ကာယမ်းကာထားပြီး နားရွက်ဘို့က အန္တရာယ်၏အသံကို နားစွင့်ကာ ထောင်ထားသည်။

ရုတ်တရက် အနက်ရောင်ကောင်းကင်မှ နေလုံးအရွယ်အစားလောက်ရှိသော မည်းမည်းအစိုင်အခဲတစ်ခု ဘွားခနဲ ပေါ်လာသည်။ ခဏချင်းမှာပင် ၎င်းသည် မြေပြင်ပေါ်သို့ ရှည်လျားသော မီးခိုးရောင် ကတော့ပုံစံ ဆန့်ထွက်လာခဲ့သည်။ ၎င်းက လူ့အသက်ကို ဖိဝိန်ခြွေဖို့ ပေါက်မည့်ဟန်ပြင်နေသော မြွေတစ်ကောင်လို အချိန်ခဏလောက် ဆိုင်းနေသေး၏။ အဖေက အမေ့ကို လှမ်းအော်လိုက်သည်။ "လေဆင်နှာမောင်း ဟေ့ ဂျင်နီရေ။"

"ဒါတကယ် လေဆင်နှာမောင်းလား အဖေ" ကျွန်တော်စိတ်လှုပ်ရှားစွာ မေးလိုက်၏။ ကျွန်တော့်အတွက် အရင်ဆုံး ခံစားချက်က ပျော်သလိုလို စိတ်လှုပ်ရှားမှုဖြစ်၏။ ကောလိပ်ကျောင်းကို ပြန်သွားရင် သူငယ်ချင်းများကို ပြောစရာအကြောင်းတစ်ခုရပြီးမဟုတ်ပါလား။ လေဝဲကတော့မှာ မြင်ရသလောက် သေးသေးကွေးကွေးပင်ဖြစ်ရာ ထိုကဲ့သို့ ရယ်စရာပုံပန်းနှင့် မိုးတိမ်တစ်ခုထဲမှ ထုတ်လွှတ်လိုက်မည့် သည်းထန်မှုကို ကျွန်တော် မမှန်းဆနိုင်ခဲ့ပါ။

မင်း အမေကိုသွားခေါ် ငါ့သား။ သယ်လို့ပိုးလို့နိုင်သမျှကို ယူပြီး ကားဆီကိုလာခဲ့လို့ ပြောလိုက်။ ငါတို့ ချက်ချင်း ဒီနေရာက ခွာမှ ဖြစ်မယ်"

ခဏအကြာတွင်မှာတော့ ကျွန်တော်တို့လမ်းပေါ်မှာ ကားကို ကမူးရှူးထိုးမောင်းနှင် နေကြလေပြီ။ ကျွန်တော်တို့နေသည်က တစ်ဖက်ပိတ်လမ်းမ၏ အရှေ့ဘက်ဆုံး အပိုင်းတွင်ဖြစ်ပြီး လေဆင်နှာမောင်း လာရာလမ်းကြောင်းမှ လွှတ်သည့် တောင်ဘက်ဆီ ဦးတည်သွားသော လမ်းခွဲသို့ ရောက်ဖို့ဆိုလျှင်

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်နိုင်ခြေအားလုံးကို
လိုက်လုပ်ကြည့်ပြီးပြီဆိုရင်တောင်
စုံအောင် လုပ်မကြည့်ရသေးဘူးဆိုတာကို
သတိရပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ယခု လေဆင်နှာမောင်းလာနေသည့် လမ်းအတိုင်း အနောက်ဘက်သို့ တစ်မိုင်ခန့် မောင်းနှင်သွားရမည် ဖြစ်သည်။ ကျွန်တော်တို့ လွတ်အောင် မောင်းနိုင်ခဲ့ပါသည်။

တောင်ဘက်ဆီ နှစ်မိုင်ခန့် မောင်းလာပြီးနောက် တောင်ထွတ်တစ်ခု၌ ကားကိုရပ်ထားပြီး လေဆင်နှာမောင်းတိုက်နေသည်ကို စောင့်ကြည့်ကြသည်။ သိပ်မကြာမီ ကောင်းကင်မှ ကျလာစဉ်ကအတိုင်း လျှင်လျှင်မြန်မြန် တိတ်တိတ်ဆိတ်ဆိတ်ပင် ပြန်ဆုတ်သွားပါသည်။ အားလုံးပြီးဆုံးသွားပြီ။ မုန်တိုင်းလည်း စဲသွားသည်။ ပတ်ဝန်းကျင်က သုသာန်တစပြင်ပမာ ငြိမ်သက်သွား၏။ သို့သော် အန္တရာယ်ကို လွန်မြောက်ခဲ့ပါပြီ။ ယခုမှ မိုးပေါက်ကလေးများ ကျလာသည်။ လတ်လတ်ဆတ်ဆတ် ရထားသော ဒဏ်ရာဒဏ်ချက်များအပေါ် ကုစားပျောက်ကင်းစေဖို့ အေးမြသည့် မိုးစက်မိုးပေါက်တို့က ပက်ဖျန်းပေးသည့်အလားပင်။

ယခု ကျွန်တော်တို့ အိမ်ပြန်လို့ရပြီ။ "အရှင်ဘုရား၊ ကျွန်တော်တို့အိမ်ကို ရှာလို့မှ တွေ့ပါ့မလား"။ လမ်းဆုံသို့ ရောက်လာလျှင် ကားတန်းအရှည်ကြီးကိုသာ တွေ့ရသည်။ အခင်းဖြစ်ရာ နေရာသို့ စူးစမ်းချင်စိတ်ဖြင့် လာရောက်ကြသူများ ဖြစ်၏။ သူတို့သည် အနားမှာရှိသော လယ်တောတစ်ခု၏ လုံးဝပျက်စီးနေသော အနိဋ္ဌာရုံမြင်ကွင်းကို ကြည့်နေကြသည်။

ကျွန်တော်တို့အိမ်လေး လွတ်မှ လွတ်ပါ့မလားဟူသော အတွေးဖြင့် ကျွန်တော်တို့၏ ချောင်ကျကျ လယ်တောလေးရှိရာသို့ တယ်လီဖုန်းကြိုးများ ပြတ်ကျနေသော လူသူကင်းမဲ့သည့် လမ်းအတိုင်း မောင်းနှင်လာခဲ့သည်။ အိမ်ကိုမမြင်ရအောင် ကွယ်နေသော တောင်ကုန်း၏အခြေသို့ ကျွန်တော်တို့ ရောက်လာခဲ့သည်။ အရင်ကဆိုလျှင် ကျွန်တော်တို့ ကျီ၏ ထိပ်ပိုင်းကို မြင်ရလောက်ပြီ ဖြစ်သည်။ ယခုတော့ မမြင်ရတော့ပေ။ တောင်ကုန်းကို ကျော်မသွားခင်မှာပင် ကျွန်တော်တို့၏ ကျီမရှိတော့ကြောင်း သိလိုက်ရပြီဖြစ်သည်။

ယခုတောင်ထိပ်သို့ ရောက်လာသည့်အခါ မြင်ကွင်း၌ ဘာတစ်ခုမှ မရှိတော့သည်ကို တွေ့ရ၏။ လွန်ခဲ့သော နာရီဝက်သာသာက ရှိနေသော လတ်လတ်ဆတ်ဆတ် ဆေးသုတ်ထားသည့် အဆောက်အအုံကိုးခုမှာလည်း

mgyoe.com

mgyoe.com SAMPLE BOOK

မရှိတော့ပေ။ ရှင်သန်စည်ပင်ခဲ့သောနေရာတွင် သေခြင်း၏ ဆိတ်ငြိမ်မှုက ရောက်ရှိနေသည်။ အားလုံးပျောက်ကွယ်သွားပြီ။ အားလုံး သေကုန်ကြပြီ။

အမည်းရောင်မြေပေါ်၌ အဖြူရောင် အုတ်မြစ်တွေသာလျှင် ကျန်ရစ်ခဲ့သည်။ အကျိုးအပဲ့၊ အပျက်အစီး အစအနဟူ၍မရှိပေ။ အရာအားလုံးကို စုပ်ယူကာ သယ်ဆောင်သွားခဲ့ခြင်း ဖြစ်သည်။ အဝင်လမ်းမှာ တုံးလုံးလဲကာ သေနေပြီဖြစ်သော ဝက်မ၏ နို့အုံကို မသေဘဲ ကျန်ခဲ့သော ဝက်ပေါက်ကလေးသုံးကောင်ကာ တွယ်ကာစို့နေသည် သေလုမြောပါး ဖြစ်နေသော နွားပေါက်ကလေး၏ စိတ်မချမ်းသာဖွယ် ညည်းတွားသံ၊ မီးဖိုချောင်သုံး ဂက်စ်အိုးတစ်လုံးမှ ဂက်စ်ထွက်နေသံ တရှီရှီတို့ကို ကြားနေရသည်။ ကျွန်တော့် စီးတော်မြင်းမှာ ဗိုက်ကို အချွန်တစ်ခုနှင့်ထိုးမိကာ သေဆုံးနေပေပြီ။

ခေါင်းထဲတွင် အတွေးတို့ချာချာလည်ကာ မှင်တက်မိနေရင်း ကားအတွင်းမှာ ကျွန်တော်တို့ ဆက်ထိုင်နေမိသည်။ အဖေ့အသက်က ခြောက်ဆယ်ကျော်ပါပြီ။ ဤလယ်တောကို ပိုင်ဆိုင်ခွင့်ရရန် နှစ်ဆယ့်ခြောက်နှစ်လောက် အဖေ ကြိုးစားပမ်းစား အလုပ်လုပ်ခဲ့ရသည်။ အပေါင်ချေးငွေစာအုပ်မှာလည်း အချိန်စေ့တော့မည် ဖြစ်သည်။ ယခုတော့ မြို့ရှင်များထံမှ ဤနေရာကို ရွေးယူရန် အခွင့်အရေးအားလုံး ဆုံးရှုံးသွားသကဲ့သို့ ရှိ၏။ အဖေ့ကို ကျွန်တော် ကြည့်မိသည်။ တစ်ခေါင်းလုံးက ဖွေးဖွေး ဖြူလျက်။ နှစ်ပေါင်းများစွာ မနားမနေ အလုပ်ဒဏ်ပိခဲ့သောကြောင့် လူက ပိန်လှပ်နေသည်။ တုန်တုန်လှုပ်လှုပ်နှင့် ကားလက်ကိုင်ခွေကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော လက်တို့က ပြာနှမ်းနှမ်း ဖြစ်နေသည်။

သွေးကြောများ ခုံးထကာ အသားမာတက်နေသော ထိုလက်တို့က ရုတ်တရက် ကားလက်ကိုင်ခွေကို ထုရိုက်ပြီး "ကုန်ပြီ ဂျင်နီ။ အကုန်လုံးကုန်ပြီ။ နှစ်ဆယ့်ခြောက်နှစ်စာ ဂျင်နီ။ အခုတော့ ဆယ်မိနစ်တည်းနဲ့ ဘာတစ်ခုမှ မရှိတော့ဘူး"ဟု အဖေ ယူကျုံးမရပြောချလိုက်ပါသည်။

အဖေက ကျွန်တော်တို့ကို ကားထဲမှာ စောင့်ဖို့ပြောပြီး သူကြိမ်တုတ်ကိုယူကာ ပြောင်တလင်းခါနေသော ဝိုင်းထဲသို့ ထွက်သွား၏။

နောက်ပိုင်းတွင်မှ မိုက်ဝက်ခန့်ဝေးသော စားကျက်မြေအတွင်း၌ အပုံ

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်ကျနေသော ကျွန်တော်တို့အိမ်ကို ရှာတွေ့ခဲ့ပါသည်။ ကျွန်တော်တို့ မီးဖိုချောင်နံရံမှာ ဆောင်ပုဒ်တစ်ခုကို ပလာစတာနှင့်ပုံထွင်း၍ ထားရှိပါသည်။ စာသားကလည်း ရိုးရှင်းပါသည်။ "Keep Looking to Jesus" ဟူ၏။ အဖေက ထိုပုံသွင်း ပလာစတာ၏ ရှေ့တစ်ပိုင်းကိုရှာတွေ့ကာ ကားဆီသို့ ယူလာသည်။ "Keep Looking" (ဆက်လက်ရှာဖွေပါ)။ ဒါက ဘုရားသခင်ထံမှ အဖေ့အတွက် သတင်းစကားပင်ဖြစ်သည်။ ဆက်လက် ရှာဖွေပါ၊ ဆက်၍ ရှာဖွေပါ။

အခု လက်မလျှော့လိုက်ပါနှင့်။ ယုံကြည်ချက်ကို မစွန့်လွှတ်လိုက်ပါနှင့်။ ကြံ့ကြံ့ခံထားပါ။ အဖေကတော့ ဤအတိုင်း လုပ်ခဲ့ပါသည်။ အဖေတော့ အဆုံးသတ်သွားပြီဟု လူတွေက ထင်ကြသည်။ သူတို့ထင်သလို မဟုတ်ပါ။ လက်မလျှော့သောကြောင့် အဖေ အဆုံးသတ်မသွားခြင်း ဖြစ်ပါသည်။ သူ့မှာ တောင့်ခံနိုင်သော စွမ်းအားနှင့် ယုံကြည်ချက်တို့ ရှိသည်။ တောင်ကို ရွှေ့နိုင်စေသော ယုံကြည်ချက်၊ ထင်မှတ်မထားသည်တို့ ဖြစ်လာအောင် စွမ်းဆောင်နိုင်သော ယုံကြည်ချက်၊ ကမ္ဘာကို ကိုင်လှုပ်နိုင်စေသော ယုံကြည်ချက်၊ ပြဿနာကို ဖြေရှင်းနိုင်စေသော၊ ယုံကြည်ချက်၊ အခြေအနေတွေ ပြောင်းလဲသွားစေနိုင်သော ယုံကြည်ချက်တို့၌ ရှိထားရမည့်အရာတစ်ခုမှာ တောင့်ခံနိုင်သော ခွန်အားပင် ဖြစ်သည်။ ထို့ကြောင့် အဖေ လက်မလျှော့လိုက်ခြင်း ဖြစ်သည်။

နှစ်ပတ်ကြာပြီးနောက်တွင် အနီးအနားရှိ မြို့တစ်မြို့၌ ပြိုကျနေသော အိမ်အိုတစ်လုံးကို ကျွန်တော်တို့ ရှာတွေ့ကြသည်။ ထိုအိမ်၏ တစ်စိတ်တစ်ပိုင်းကို ဒေါ်လာ ငါးဆယ်နှင့် ရောင်းချမည်ဖြစ်သည်။ သို့နှင့် ကျွန်တော်တို့သည် ထိုအိမ်အကြွင်းအကျန်ပုံကို ဝယ်ကာ တစ်စစီ ဖျက်ထွင်၍ ယူကြသည်။ သံတစ်ချောင်း၊ အုတ်ကြွပ်တစ်ချပ်သော်မှ မလေလွင့် အောင် သိမ်းယူခဲ့သည်။ ဝယ်လာသော အတိုအစများနှင့် ယခင်အိမ်ရာ ဟောင်း၌ အိမ်ကလေးတစ်လုံးအသစ် ဆောက်ကြသည်။ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ဆိုင်သော လုပ်ငန်းသုံးအဆောက်အအုံများကို တစ်ခုချင်း၊ တစ်ခုချင်း ဆက်လက်တည်ဆောက်ခဲ့သည်။ ယင်းလေဆင်နှာမောင်းကြောင့် လယ်တောခြံကိုးခု ပြိုပျက်သွားခဲ့ရသည်။ လုံးဝပြိုပျက်သွားသော လယ်တော

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ခုလုံးကို ပြန်လည်တည်ဆောက်နိုင်ခဲ့သော လယ်သမားမှာ ကျွန်တော့် အဖေ တစ်ဦးတည်းသာရှိသည်။ နှစ်အနည်းငယ်အကြာ၌ ဈေးနှုန်းတွေ သိသိသာသာ တက်လာသည်။ စိုက်ပျိုးမွေးမြူရေး ခြံထွက်ပစ္စည်းများ စီးပွား ဖြစ်လာသည်။ ငါးနှစ်အတွင်း ချေးငွေအားလုံးကျေသွားခဲ့သည်။ အောင်မြင် သော လူတစ်ယောက်အဖြစ်နှင့် အဖေသေဆုံးခဲ့ပါသည်။

"ဒီတော့ ခင်ဗျားတို့တစ်တွေ ခက်ခဲတဲ့အချိန်တွေနဲ့ ရင်ဆိုင်နေရ တယ်လို့ ပြောတယ်။ ကျွန်တော့်အဖေ ကြုံခဲ့ရတဲ့အချိန်တွေထက်များ ပိုပြီး ခက်ခဲနေကြသလား။" မျိုးဆက်သစ် အိုင်အိုဝါလယ်သမားများ၏ မျက်ဝန်း များမှတစ်ဆင့် ရင်ထဲအထိ ထွင်းဖောက်မြင်နိုင်အောင် ကျွန်တော် ကြည့်လိုက် သည်။ "ခင်ဗျားတို့ လောင်စာအတွက် ပြောင်းဖူးရိုးတွေကို သုံးနေရသလား။ လေဆင်နှာမောင်းတိုက်လို့ အရာအားလုံးကို ဆုံးရှုံးခဲ့ဖူးသလား။ အပေါင် စာချုပ်က ရက်စေ့သွားပြီး ပေးစရာ ငွေမရှိတာမျိုးကြုံဖူးလား။ ကိုယ့်လယ်၊ ကိုယ့်မြေကို ထိုးရောင်းရမယ့် အဖြစ်မျိုးနဲ့ ကြုံဖူးပါသလား။ ဒါဆိုရင်ခက်ခဲတဲ့ အချိန်တွေ ဆိုတာနဲ့ပတ်သက်ပြီး ကျွန်တော် တစ်ခုပြောပြမယ်။ ကျွန်တော် ဟာ ဒီလမ်းကို လျှောက်ခဲ့တယ်။ ခက်ခဲတဲ့အချိန်တွေအကြောင်း မှတ်ချက်ပြုဖို့ အခွင့်အရေးလည်း ကျွန်တော့်မှာ ရှိတယ်လို့ ယုံကြည်တယ်။ ဒီတော့ ကျွန်တော် တစ်ခုပြောပါရစေ"

ခက်ခဲသည့် အချိန်များအကြောင်း သူတို့အား ဘာပြောရမည်နည်းဆို သည့် စိတ်ကူး မှုန်မှုန်မျှတောင် ကျွန်တော့်မှာ မရှိပါ။ ထောင့်တစ်ထောင့် မှာ ကျွန်တော် ကပ်ရပ်လိုက်ပါသည်။ ပြီးတော့ ငြိမ်သက်စွာ ဝတ်ပြုဆု တောင်းပါသည်။ ထို့နောက် စတိတ်စင်ပေါ်၌ လှောင်အိမ်ထဲကကျားတစ် ကောင် ဘယ်ပြန်ညာပြန် လျှောက်နေသလို အချိန်ခဏလောက် ဆွဲနေမိပါသည်။

အဲဒီနောက်ပိုင်း ကျွန်တော့်ပါးစပ်မှ ထွက်လာသည့် စကားတစ်ခွန်းကို ကိုယ့်ဘာသာကိုယ်ပင် အံ့အားသင့်၊ မှင်တက်၊ သဘောကျသွားမိသည်။ ထိုစကားသည် ဘုရားသခင်ထံမှ တိုက်ရိုက်လာသည်ဟု ကျွန်တော် အခိုင် အမာယုံကြည်ပါသည်။ ကျွန်တော်ကိုယ်တိုင်နှင့် ကျွန်တော့်ပရိသတ်တို့ကို နိုးကြားစေရုံသာမက အခြားသူများစွာကိုပါ နိုးကြားစေနိုင်သော စကား တစ်ခွန်းဖြစ်ခဲ့ပါသည်။ ၎င်းက စာအုပ်စာအုပ်ကိုပင် မွေးထုတ်နိုင်စေခဲ့ပါ

mgyoe.com

mgyoe.com  SAMPLE BOOK 

သည်။ ဤစကားတစ်ခွန်းက မိုးချုန်းသံလိုပင် ခန်းမကျယ်ကြီး၏ထောင့်တိုင်း၊ နေရာတိုင်းကို ပျံ့နှံ့ရောက်ရှိသွားပါသည်။

**"ခက်ခဲတဲ့ အချိန်ဆိုတာ တာရှည်မခံပါဘူး။**
**အခက်အခဲဒဏ် ခံနိုင်တဲ့လူတွေသာ တာရှည်ခံစမြဲပါ။"**

ခန်းမထဲမှာ လက်ခုပ်သံတို့က ညံသွားသည်။ မျှော်လင့်ချက်ကို ဆုံးရှုံးခဲ့ကာ စိုးပွားပျက်ခြင်းနှင့် ရင်ဆိုင်တိုက်ခဲ့ရသော လယ်သမား သုံးထောင့်ငါးရာတို့သည် ယင်းမျှော်လင့်ချက်ကို ရှာတွေ့သွားခဲ့ပါသည်။ သူတို့မှာ စိတ်ကူးသစ်များ၊ အမြင်သစ်များ ရလာကာ နောက်တစ်ကြိမ် အိပ်မက်မက်ကြည့်နိုင်ခဲ့သည်။

ယနေ့ သင် ခက်ခဲသောအချိန်များနှင့် ကြုံနေရပါသလား။ စိတ်ဒုက္ခကြုံနေရပါသလား။ ကျွန်တော်နှင့်အတူ လျှောက်လှမ်းကြည့်ဖို့ သင့်ကို ဖိတ်ခေါ်ချင်ပါသည်။ ရှင်ကျန်ရစ်သူများအကြောင်း၊ ပြီးလျှင် သင်ရော ထိုသူတစ်ယောက် ဖြစ်လာနိုင်ပုံအကြောင်း ကျွန်တော် ပြောပြချင်ပါသည်။ ဤသို့ ရှေ့ဆက်သွားရင်းနှင့် သင်၏ဘဝသည် အခြားသူတစ်ယောက်ယောက်၏ လမ်းပြအလင်းရောင်တစ်ခုခု ဖြစ်လာပါလိမ့်မည်။

ထိုလမ်းကို "အပြုသဘော တွေးတောခြင်းလမ်း"ဟု ခေါ်ပါသည်။ ဤအကြောင်းကို ကျွန်တော် နှစ်အတန်ကြာအောင် ဟောပြောနေဖြစ်ပါသည်။ ဤလမ်းက ကျွန်တော့်ကို ဘယ်တော့မှ စိတ်ပျက်ရအောင် မလုပ်ပါ။ အခြားမည်သူကိုမျှ စိတ်မပျက်စေခဲ့ပါ။ ကျွန်တော်တို့ကသာ လမ်းကနေ သွေဖည်ချင် သွေဖည်သွားမည်။ ဤလမ်းကတော့ ပျော်ရွှင်ခြင်း၊ ကျန်းမာခြင်း၊ ကြီးပွားချမ်းသာခြင်းတို့ ရှိရာသို့ တည့်တည့်မတ်မတ်ပင် ရောက်ရှိနိုင်သောလမ်း ဖြစ်ပါသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ၂

## ......အခက်အခဲဒဏ် ခံနိုင်သူတို့သာ တာရှည်ခံစမြဲ

"အခြေအနေ ခက်ခဲလာတဲ့အခါ အခက်အခဲဒဏ်ခံနိုင်သူသာ ကောင်းကောင်းဖြေရှင်းနိုင်တယ်"ဟု အမေရိကန် ဘောလုံးသမား ကနု ရော့ခ်နီက ပြောခဲ့ပါသည်။ လမ်းများ ခက်ခဲကြမ်းတမ်းလာသည့်အခါ ဒူပေနာပေခံသော၊ စိတ်ဓာတ်ကြံ့ခိုင်သော သူများက အခြေအနေကို ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်ဖြေရှင်းနိုင်သည်။ သူတို့အနိုင်ရကြသည်။ သူတို့ ရှင်ကျန်ရစ်ကြသည်။ ထိပ်ဆုံးကို သူတို့ရောက်လာကြသည်။

လူတွေက အာလူးများနှင့် တူသည်။ အာလူးများကို ဆွတ်ပြီးချိန်ကျလျှင် ဖြန့်ခင်းထားပြီး ဒိုင်ဈေး၊ အမြင့်ဆုံး ရနိုင်အောင် ရွေးထုတ်ရသည်။ ၎င်းတို့ကို အကြီး၊ အသေး၊ အလတ် အရွယ်အစားအလိုက် ခွဲပုံရသည်။ ထိုသို့ အရွယ်တူစု၊ အိတ်သွတ်ပြီးမှသာ သွားရောင်းမည့် ထရပ်ကားများပေါ်တင်ပါသည်။ ဒါက အိုင်ဒါဟိုပြည်နယ်ရှိ အာလူးစိုက်သော တောင်သူတိုင်း သုံးကြသည့် နည်းလမ်းဖြစ်သည်။ ထိုအထဲတွင် တစ်ယောက်တော့ မပါပေ။

တောင်သူတစ်ယောက်ကမူ အာလူးများကို ရွေးဆယ်လေ့လုံးဝမရှိပေ။ သို့တိုင်အောင် သူ့ကျမှ ဈေးကောင်း ပိုရတတ်သည်။ မည်သို့မည်ပုံကြောင့်

mgyoe.com

mgyoe.com
SAMPLE BOOK


ဆိုသည်ကို တွေးမရသော အိမ်နီးနားချင်းတစ်ဦးက သူ့ကို မေးခွန်း ထုတ်သည်။ "ခင်ဗျားမှာ ဘာလျှို့ဝှက်ချက်ရှိလဲဗျ"။ သူက "ရှင်းပါတယ်ဗျာ။ ကျုပ်က လှည်းပေါ်ကို အာလူးတွေ အပြည့်တင်ပြီး မြို့ကိုသွားရင် ကြမ်းပေ့ဆိုတဲ့ လမ်းကို ရွေးမောင်းတာ။ ရှစ်မိုင်ဝေးတဲ့ခရီးမှာ လှည်းခုန်တဲ့ အရှိန်နဲ့ အသေးဆုံးအာလူးတွေက အောက်ဆုံးကို ရောက်သွားတယ်။ အလတ်စားအာလူးတွေက အလယ်မှာတင်တယ်။ အကြီးဆုံး အာလူးတွေကတော့ အပေါ်ဆုံးကို ရောက်လာတယ်ဗျာ၊ ဒါပဲ"ဟု ပြောပြပါသည်။ ဤသဘောတရားက အာလူးနှင့်သာ သက်ဆိုင်သည်မဟုတ်။ ဘဝနိယာမ တစ်ခုဟုလည်း ဆိုနိုင်ပါသည်။ လမ်းကြမ်းပေါ်၌ အကြီးဆုံးအာလူးများ အပေါ်ဆုံးသို့ ရောက်လာသကဲ့သို့ ခက်ခဲသော အချိန်များ၌ စိတ်ဓာတ်ကြံ့ခိုင်သောလူများက ထိပ်ဆုံးသို့ တက်လာပါသည်။

အပြုသဘော တွေးတောခြင်းက အဟုတ် ဖြစ်မြောက်ပါသည်။ အဖေ့အတွက်၊ ကျွန်တော့်အတွက် ဖြစ်မြောက်ရုံသာမက ကျွန်တော်ကတစ်ဆင့်မျှဝေလိုက်သူများအတွက်လည်း ဖြစ်မြောက်သွားသည်ကို ကျွန်တော် မြင်ရလှပါပြီ။ ကျွန်တော်က မျှဝေပေး၊ သူတို့က လိုက်နာကျင့်သုံးရင်း လက်တွေ့ကြုံဖူးလိုက်ကြသူတို့အကြောင်းကို ဖော်ပြလိုက်ပါသည်။

## မေရီ မာတင်

ဤစာအုပ်ကို ရေးသားနေစဉ်၌ လူချင်းမတွေ့ဖူးဘဲ အဝေးကသာ လေးစားခင်မင်နေခဲ့သော ပုဂ္ဂိုလ်တစ်ဦးထံမှ နှစ်သက်ဖွယ်ကောင်းသည့် စာတစ်စောင်ကို ကျွန်တော် ရရှိခဲ့သည်။ မေရီမာတင်၏ ရုပ်ပုံကို ကမ္ဘာကျော် Life မဂ္ဂဇင်းမျက်နှာဖုံးတွင် ခြောက်ကြိမ်တိုင်တိုင် ဖော်ပြခဲ့သည်။ သူမသည် အမေရိကန်ပြည်သူ့အချစ်တော် စွယ်စုံရ ပြဇာတ်မင်းသမီး တစ်ယောက်ဖြစ်သည်။ အပြင်လူတစ်ယောက်အနေဖြင့်ကြည့်လျှင် အကောင်းမြင်တတ်၊ ပျော်ပျော်နေတတ်သူ တစ်ယောက် ဖြစ်သည်။

ကိုယ်ရေးကိုယ်တာအရ သူမ တိတ်တဆိတ် လျှောက်လှမ်းရင်ဆိုင်ခဲ့ရသော ဘဝခရီးလမ်းကြမ်းများအကြောင်းကိုမူ ကျွန်တော် သိမထားခဲ့ပါ။ မမျှော်လင့်သော စာတစ်စောင် ရောက်မလာခင် အချိန်အထိပင်။

mgyoe.com

mgyoe.com SAMPLE BOOK

# ခက်ခဲသော အချိန်တို့က
# တာရှည်မခံ
# အခက်အခဲဒဏ်ခံနိုင်သူတို့သာ
# တာရှည်ခံစမြဲ

mgyoe.com

mgyoe.com SAMPLE BOOK

"လွန်ခဲ့တဲ့ ကိုးနှစ်အတွင်းမှာ ရှင့်ရဲ့ ဓမ္မရုပ်သံအစီအစဉ်ကြောင့် ကျွန်မ ဘဝကို သုံးကြိမ်တိုင်တိုင် နက်နက်ရှိုင်းရှိုင်း ပြောင်းလဲနိုင်ခဲ့တယ်။ ဒီအကြောင်းကို လူတွေသိအောင် တစ်ချိန်ချိန်မှာတော့ ကျွန်မပြောပြချင်တယ်"ဟု သူမက ရေးသားလာပါသည်။

ကျွန်တော် သူမကို ပြန်ဆက်သွယ်လိုက်ပါသည်။ သူမက ကျွန်တော့်ကို နေ့လယ်စာဖိတ်ကျွေးပြီး သူမဇာတ်ကြောင်းကို ပြောပြခဲ့သည်။ ကျွန်တော့် စာအုပ်ထဲမှာ ဤအကြောင်းကို ပြန်ဖော်ပြခွင့် ပေးနိုင်မည်လားဟု သူမကို ကျွန်တော် မေးကြည့်သည်။ သူမက ခွင့်ပြုသဖြင့် အောက်တွင် ဖော်ပြလိုက်ပါသည်။

"ရှင့်ရဲ့ ဓမ္မရုပ်သံအစီအစဉ်က နားထောင်ရတဲ့ အပြုသဘောတွေးခေါ်မှု သဘောတရားတွေက လွန်ခဲ့တဲ့ ကိုးနှစ်က ကျွန်မ ချစ်ခင်ပွန်း ရစ်ချက် ဟောလီဒေးကို ဆုံးရှုံးလိုက်ရတာကို လက်ခံနိုင်အောင် ကူညီပေးပါတယ်။ တကယ်ပါ။ အဲဒီအချိန်က ခက်ခဲတဲ့အချိန် ဖြစ်ခဲ့ပါတယ်။

"အဲဒီနောက် ကျွန်မ အသံကို ဆုံးရှုံးရပြီး သီချင်းမဆိုနိုင်ခဲ့ပါဘူး။ ဒါဟာ ကျွန်မအဖို့ ဘဝဆုံးတာနဲ့ အတူတူပါပဲ။ တစ်မနက်မှာတော့ အပြုသဘော တွေးခေါ်မှု သတင်းစကားတစ်ခုက ကျွန်မကို ပြန်ကျန်းမာလာစေတဲ့ စိတ်ကူးတစ်ခုကို ရရှိစေခဲ့ပါတယ်။ ကျွန်မသီချင်းဆိုတဲ့အသံကို ပြန်ရခဲ့ပါတယ်။"

အဖြစ်အပျက်ကို ပြန်ပြောင်းပြောပြရင်း သူမကြည်နူးနေသည့်ဟန်က အသက် ၆၉ နှစ်အရွယ် မေရီ မာတင် မဟုတ်တော့ဘဲ တက်သစ်စ နုပျိုတက်ကြွသည့် မင်းသမီးလေး၊ မေရီမာတင်လို ဆွဲဆောင်မှုရှိရှိ အရွယ်တင်နေပါသည်။ လူတစ်ဦးသေပြီး အခြားနှစ်ဦးလည်း အသက်အန္တရာယ် စိုးရိမ်ရသည့်အထိ ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုကြောင့် ဆေးရုံတက်ရာမှ ဆင်းလာသည်မှာ ဘာမှမကြာသေးသော လူတစ်ယောက်ဟု ယုံကြည်ဖို့ပင် ခက်ရှာပါသည်။

"Today" ရှိုးမှာ လာအင်တာဗျူးစဉ်က သူမ လေးချောင်းထောက်နှင့် ဝင်လာသည်ကို ကျွန်တော် ကြည့်လိုက်ရပါသည်။ သိပ်မကြာသေးပါ။ သူမသည် များမကြာမီက တင်ပါးဆုံရိုး နှစ်နေရာကျိုးပြီး သေဘောနှင့်

mgyoe.com

mgyoe.com SAMPLE BOOK


ရင်ဆိုင်ခဲ့ရသည်။ ယခုတော့ အသက် ၆၉ နှစ်ပြည့် မွေးနေ့ကို ဆင်နွှဲနိုင်ခဲ့ပြီဖြစ်သည်။ ပြန်လည် နာလန်ထူလာရုံတင်မက ထော့နဲ့ထော့နဲ့ပင် မဖြစ်တော့ချေ။

"အဆစ်ရောင်နာတို့ အတွင်းတိမ်တို့တော့ ကျွန်မမှာ ရှိတာပေါ့လေ"ဟု သူမက ဟက်ဟက်ပက်ပက်ရယ်ပြီး ပြောပါသည်။ သူမ မျက်လုံးများက ထိုဝန်ခံပြောကြားချက်ကို အမှန်မထင်ရက်လောက်အောင် ရွှင်လန်းနုပျို မှုနှင့် တဖျပ်ဖျပ် လင်းလက်တောက်ပနေခဲ့သည်။

ထို့နောက်တွင် သူမက လွန်ခဲ့သော လပိုင်းခန့်က ဖြစ်ပွားခဲ့သော ကြောက်စရာ မတော်တဆမှုအကြောင်းကို ပြန်ပြောပြခဲ့သည်။ သူမနှင့် အတူ အခင်ဆုံးသူငယ်ချင်း ဂျက်နက်ဂေးနော၊ သူမ၏ မန်နေဂျာလည်းဖြစ်၊ အမျိုးသားမိတ်ဆွေလည်း ဖြစ်သော ဘန်ဝေါ့ရှ်ရှာတို့သည် ဆန်ဖရန်စစ္စကိုမြို့၌ အငှားကားတစ်စီးကို အတူတက်စီးခဲ့ကြသည်ဟု ဆိုသည်။

ဘန်က လူကြီးလူကောင်းပီပီ ကားတံခါးကို ဖွင့်ကာ မေရီနှင့် ဂျက်နက်တို့ကို အရင်ဝင်စေပြီး သူက အစွန်မှာဝင်ထိုင်၍ ကားတံခါးကို ပိတ်လိုက်သည်။ ဤထိုင်ပုံ အစီအစဉ်ကြောင့်ပင် ဘန်ခမျာ မီးနီဖြတ်မောင်းသော အမူးသမား ဒရိုင်ဘာ၏ အရှိန်လွန်ကားကြောင့် အသက်သေဆုံးရသော ဓားစာခံဖြစ်ရရှာသည်။ ဂျက်နက်တစ်ယောက်လည်း ဆေးရုံပေါ်၌ လအတန်ကြာအောင် သေကောင်ပေါင်းလဲ ဖြတ်သန်းခဲ့ရသည်။

"ဒါဟာ ကျွန်မဘဝရဲ့ အခက်ခဲဆုံး အချိန်တွေထဲက တစ်ခုလို့ထင်တယ်"ဟု မေရီမာတင်က ပြောပါသည်။ "ဒါပေမဲ့ ရှင်ပြောသလိုပဲလေ။ ခက်ခဲတဲ့အချိန်ဆိုတာ အမြဲမဟုတ်ပါဘူး။ အခက်အခဲရဲ့ ဒဏ်ကို ခံနိုင်တဲ့ လူတွေသာ အမြဲ အစွန့်ရှည်တာလေ။ ကျွန်မက ကြံ့ကြံ့ခံနိုင်တဲ့ တက္ကဆက်သူပဲဟာ သိတယ်မှတ်လား။"

တန်ဖိုးထားရသည့် လူတစ်ယောက်ကို ဆုံးရှုံးပြီးသည့်နောက် ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုကို တစ်ရက်ပြီးတစ်ရက် ကြုံတွေ့ခံစားလာပြီးသည့် နောက် ရှေ့ဆက်အားတင်းထားနိုင်မည့် ခွန်အားကို အချို့လူများ မည်သည့်နေရာမှ ရရှိခဲ့ကြပါသနည်း။ နက်ရှိုင်းခိုင်မာသော ယုံကြည်ချက်အတွက် အစားထိုးနိုင်သောအရာဟူ၍ မရှိပါ။ တောင့်ခံထားနိုင်လျှင် ကျွန်တော်တို့ အနိုင်ရရှိပါ

mgyoe.com

mgyoe.com


မည်။ လေးနက်သော ယုံကြည်ချက်နှင့် ဘုရားသခင်၏ ကြည့်ရှုစောင့်ရှောက်မှုတို့က အားကောင်း၍ ချိုးနှိမ်ရန်မလွယ်သော အကောင်းမြင် စိတ်ထားကို ဖြစ်ပေါ်စေပါသည်။

"ရစ်ချက် ရော်ဂျာက 'ခွဲကောင်းတဲ့အကောင်းမြင်သမား (Cock-eyed Optimist)' သီချင်းကို ကျွန်မအတွက် ရေးပေးတာလို့ပြောတယ်" သူမက အေးအေးညင်သာ ပြောပြခဲ့ပါသည်။ "တောင်ပစိဖိတ် (South Pacific) ပြဇာတ်ကို သူရေးနေတုန်းက ကျွန်မကို ပြောတယ်။ "မေရီ၊ မင်းနယ်လီနေ့ရာက သရုပ်ဆောင်ရမယ်ဆိုတာ ငါသိတော့ မင်းအကြောင်း ကိုပဲစဉ်းစားပြီး ဒီစကားလုံးတွေကို ချရေးမိတယ်။ "ကျွန်မက ခွဲကောင်းတဲ့အကောင်းမြင်သမား။ မျှော်လင့်ချက်ဆိုတဲ့အရာမှာ အတုံးအအတစ်ယောက်လို ရန်းမထွက်နိုင်။ ကျွန်မ ခေါင်းထဲက ဖျောက်မရနိုင်"

ဒါသည်ပင် ရောဂါဘယအားလုံးကို ကုစားပျောက်ကင်းစေနိုင်သော စိတ်ဓာတ်၊ ပျက်စီးခြင်းမှ အသက်တာများကို ကယ်တင်ပေးနိုင်သော စိတ်ဓာတ်၊ မိုးရွာပြီးနောက် နေရောင်ကို ဆောင်ကြဉ်းလာပေးသော စိတ်ဓာတ်ဖြစ်ပါသည်။ ကြံ့ခိုင်သော လူတွေမှာသာ ဤစိတ်ဓာတ်ရှိပါသည်။ သူတို့က အဆိုးဆုံးမုန်တိုင်းကို ကျော်လွှားနိုင်ပါသည်။ အခက်ခဲဆုံးအချိန်များကို ရန်းကန်တွန်းထိုးသွားနိုင်ပါသည်။ ထို့ကြောင့် သူတို့သည် အောင်နိုင်သူများအဖြစ်နှင့် ထိပ်ဆုံးကို ရောက်လာကြတော့သည်။

## ဘန်နီ ဖစ်ရှာ

ဘန်နီ ဖစ်ရှာကို ကျွန်တော် ၁၉၆၀ မှာ ဆုံတွေ့ခဲ့ခြင်း ဖြစ်သည်။ ဒီတုန်းက သူသည် ရစ်ချက် န်ျူထရာ ဗိသုကာ ကုမ္ပဏီမှာ ဗိသုကာပညာရှင်တစ်ဦးအဖြစ် အလုပ်လုပ်နေသည်။ ကျွန်တော် ရစ်ချက် န်ျူထရာနှင့် ဘန်နီ ဖစ်ရှာတို့ စိတ်ကူးထဲမှ ဘုရားကျောင်း၏ ဗိသုကာပုံစံကို ပုံကြမ်းဆွဲကြည့်ရင်း ရက်ပေါင်းများစွာကိုအတူ ကုန်လွန်ကြသည်။

ဘန်နီ၏ ဘယ်ဘက်လက်ပေါ်၌ KLဟု ရေးထိုးထားသော တစ်လက်မအရွယ် အပြာရောင်တက်တူးစာလုံးကို ကျွန်တော် သတိပြုမိသည်။ ၎င်းစာလုံးအောက်၌ ၀.၅ စင်တီမီတာအရွယ်ရှိသော ဂဏန်းရှစ်လုံးကို ရေးထိုးထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

" KL ဆိုတာ ဘာအဓိပ္ပာယ်လဲ၊ ဘန်နီ" ဟု ကျွန်တော်က မေးလိုက်သည်။" "သြော် KL ဆိုတာ Koncentration larga ကို ပြောတာ။ အကျဉ်းစခန်းကို ဂျာမန်လိုခေါ်တဲ့ နာမည်လေ။"

၁၉၃၉ ခုနှစ်၊ ပိုလန်နိုင်ငံ ဝါဆောမြို့တွင်ဖြစ်၏။ ဂျာမန်စစ်တပ်က မြို့ကို သိမ်းသည့်အချိန်၌ ဘန်နီ ဖစ်ရှာနှင့် သူ့ချစ်သူ အန်းတို့မှာ လက်ထပ်ရန် စီစဉ်နေကြချိန် ဖြစ်သည်။ ယင်းနောက်၌ ဖြစ်ပွားသော ကြောက်မက်ဖွယ်ရာ အရှုပ်အထွေးတွင် ဘန်နီကို အခြားဂျူးလူမျိုးများနှင့်အတူ ထရပ်ကားတစ်စီးနှင့် ဖမ်းခေါ်သွားကာ အကျဉ်းစခန်းတစ်ခုသို့ ပို့ဆောင်ခဲ့သည်။ ယင်းအကျဉ်းစခန်း၌ ၁၉၄၅ ခုနှစ်အထိ သူ့ကို ဖမ်းဆီးချုပ်နှောင်ထားခဲ့သည်။

"ငါ့အချစ်လေး အန်း ဘယ်မှာပါလိမ့်။" အစပိုင်းရက်များ၌ အန်းအကြောင်းက သူ့ခေါင်းထဲမှ မထွက်နိုင်။ တဖြည်းဖြည်းနှင့် ညှဉ်းပန်းနှိပ်စက်ခံရသော ကြောက်မက်ဖွယ်ရာရက်များက လမှနှစ်ရှည်ကြာလာခဲ့သည်။

သူမသိသောအချက်မှာ အန်းသည် သူမတို့မြို့သို့ ကျရောက်လာအံ့သော ဘေးအန္တရာယ်အကြောင်းကို ကြားသည်နှင့် မြို့၏မှောင်မိုက်သော လမ်းကြိုလမ်းကြားများမှတစ်ဆင့် တိမ်းရှောင်ထွက်ပြေးသွားခြင်းကို ဖြစ်သည်။ သူမသည် ဂျူးလူမျိုး မဟုတ်သယောင် ဟန်ဆောင်ကာ ဂျာမနီမှ လွတ်အောင် ပြေးသွားနိုင်ခဲ့သည်။ ဘန်နီကိုလည်း သေပြီဟု သူမ ယူဆခဲ့သည်။

ထိုအချိန်၌ ဘန်နီသည် ဂျာမန်အကျဉ်းစခန်းတစ်ခု၌ ဖမ်းဆီးခံထားရသော ဂျူးလူမျိုးလေးထောင်တွင် တစ်ဦးအပါအဝင် ဖြစ်သည်။ အကျဉ်းသားတစ်ဦးစီကို နေ့စဉ် ပေါင်မုန့်တစ်တုံး၊ စွပ်တစ်ခွက် တိုက်ကျွေး၏။ စွပ်က ပိုပြီး နေရထိုင်ရ အဆင်ပြေစေပါသည်။ စွပ်က ပေါင်မုန့်တစ်တုံးနှင့် တင်းတိမ်ရန်ခက်သော နာကျင်လစ်ဟာသည့် ခံစားချက်ကို ပျောက်ကင်းစေပြီး ဗိုက်ပြည့်စေပါသည်။ အကျဉ်းသားများစွာတို့အဖို့ စွပ်နှင့် ပေါင်မုန့်လဲလှယ်ခြင်းမှာ တစ်နေ့တာ၏ အရေးကြီးဆုံး ကိစ္စတစ်ခုဖြစ်လာသည်။ ဘန်နီဆိုလျှင် သူ့စွပ်နှင့် ပေါင်မုန့်လဲရန် အကျဉ်းသားတစ် ယောက်မကထံမှ ကမ်းလှမ်းခြင်းကို ခံရသည်။ သူက အလဲအလှယ်လုပ်ဖို့ အမြဲသဘောတူတတ်သည်။

mgyoe.com

mgyoe.com

SAMPLE BOOK

လွတ်မြောက်ခါနီးအချိန်ကို ရောက်လာသောအခါ အကျဉ်းစခန်း အတွင်းရှိ လူဦးရေမှာ လေးထောင်မှ လေးရာအထိ လျော့ပါးသွားသည်။ နာဇီဂတ်စတာပိုတို့က ကျန်နေသော အကျဉ်းသားများ၏ခြေထောက်များ ကို တစ်ဦးနှင့်တစ်ဦး ပူးချည်ကာ ဆောင်းနှောင်းရာသီ၏ နှင်းတောထဲတွင် အေးစက်ကြမ်းတမ်းသော လမ်းအတိုင်း သူတို့ကို အတင်းအကျပ် ခေါ် ဆောင်သွားကြသည်။ ပိန်ချုံးချည့်နဲ့ကာ ရောဂါဝင်နေသော အကျဉ်းသား များစွာတို့သည် ခြေကုန်လက်ပန်းကျကာ လဲပြိုကုန်ကြပြီး နှင်းတောထဲ တွင် အေးခဲကုန်အောင် ပစ်ပယ်ခံကြရသည်။

ထို့နောက်တွင်မတော့ မေ့ဖျောက်မရနိုင်သော မနက်ခင်းတစ်ခုကို ရောက်လာခဲ့ပါသည်။ တောင်ကုန်းတစ်ဖက်မှ ကျယ်လောင်သော အင်ဂျင် စက်သံများကို ကြားရသည်။ ထိုနောက် မိုးကုပ်စက်ဝိုင်းဆီတွင် တင့်ကား များပေါ်လာ၏။ တင့်ကားများသည် အရည်ပျော်နေသော နှင်းထုကိုဖြတ် ကာ အလျင်အမြန် အနားရောက်လာသည်။ အမေရိကန်အလံကို ကိုင် ဆောင်လာသော စစ်သားများက သနားဖွယ်ရာ ဂျူးလူမျိုးများ လွတ် မြောက်အောင် ကူညီပေးနိုင်ခဲ့သည်။ ဘန်နီ ဖစ်ရှာကား လွတ်မြောက်သွား လေပြီ။

လွတ်ပြီ၊ ကျွတ်ပြီ။ ဘန်နီ ပထမဦးဆုံး လုပ်သည့်အလုပ်က သူချစ် သော အန်းကို ရှာဖွေခြင်း ဖြစ်သည်။ မြို့ကိုဖြတ်၍ ဘတ်စ်ကားစီးသွားစဉ် လမ်းထောင့်တစ်နေရာ၌ မတ်တတ်ရပ်နေသော ချစ်စဖွယ် အမျိုးသမီးငယ် တစ်ဦးကို ရုတ်တရက် သူမှတ်မိသွားသည်။ သူ ကားပေါ်မှ အမြန်ခုန်ဆင်း ကာ သူမကို ချာချာလည်အောင် လိုက်ရှာကြည့်သည်။ ထို့နောက်တွင် သူမနှင့် သူမျက်လုံးချင်းဆုံမိကြသည်။ သူတို့ မျက်လုံးနှစ်စုံ၏ နက်ရှိုင်း သောနေရာ၌ မသေနိုင်သောအချစ်ကို သတိပြုမိသွားကြသည်။

"အန်း"ဟု ဘန်နီက ခေါ်လိုက်၏။

"ဘန်နီ"

တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ကြ၏။ မျက်ရည်ကျမိ၏။ ရယ်မောကြပြန် ၏။ သူတို့ချစ်ခဲ့ကြသည်။ ရှင်ကျန်ရစ်ကြသည်။ နှစ်ဦးအတူ အမေရိကကို လာခဲ့ကြသည်။ ခက်ခဲသော အချိန်တို့က တာရှည်မခံသော်လည်း အခက်

mgyoe.com

mgyoe.com

အခဲကို ရဲရဲဝံ့ဝံ့၊ စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ရင်ဆိုင်သူတို့သာ အချိန်တာရှည်စွာ ရှင်ကျန်ရစ်ကြစမြဲ ဖြစ်ပါသည်။

## ဂျူဒီဟောလ်

၁၉၈၀ ဇူလိုင်လ၌ ဆယ်ကျော်သက် သမီးနှစ်ယောက်အမေ ဂျူဒီဟောလ် တစ်ယောက် အလုပ်လက်မဲ့ ဖြစ်သွားသည်။ အိမ်ထောင်ကွာရှင်းထားပြီး၊ ပုံမှန်ဝင်ငွေလည်းမရှိသော ဂျူဒီခမျာ သူမ မည်သို့ရပ်တည် ရမည်ဆိုသည်ကို အကြံရကျပ်နေခဲ့သည်။ သူခမျာ ပညာလည်း ဖြစ်ဖြစ်မြောက်မြောက် မတတ်၊ ပြောပလောက်သည့် အတတ်ပညာ ကျွမ်းကျင်မှု မျိုးလည်း မရှိပေ။

ကျွန်တော်တို့ တီဗွီပရိုဂရမ်ကတစ်ဆင့် အပြုသဘောတွေးခေါ်သူတစ်ယောက် ဖြစ်လာဖို့ ကျွန်တော်တို့ တစ်ပတ်ပြီးတစ်ပတ် တိုက်တွန်းနေသည်ကို သူမနေထိုင်ရာ မင်နီဆိုတာ ပြည်နယ်မှ နားထောင်နေခဲ့သည်။ သူမစိတ်ထဲ၌ ထိုအကြံပြုချက်များကို ဤသို့ ကြားယောင်သည်။ "သင့်စိတ်တံခါးကို ဘုရားသခင်ဆီမှာ ဖွင့်လှစ်လိုက်ပါ။ စိတ်ကူးတွေ ရောက်လာပါလိမ့်မယ်။ ဒီစိတ်ကူးတွေထဲက တစ်ခုဟာ ဖမ်းဆုပ်ထားလိုက်ဖို့ သင့် အတွက် ဘုရားသခင်ရည်ရွယ်တဲ့ဟာ ဖြစ်ပါလိမ့်မယ်။"

ဂျူဒီက သူမကြားသည့်အရာကို ယုံကြည်ခဲ့ပါသည်။ သို့နှင့် အိမ်ခြံမြေ အရောင်းအဝယ်အလုပ်ကို လုပ်ကြည့်ရန် သူမ ဆုံးဖြတ်လိုက်သည်။ သို့သော် သူမအလုပ်စလိုက်သည့်အချိန်က လုပ်ငန်းကိုင်ငန်းများအခြေအနေ မဟန်သည့်အချိန် ဖြစ်နေသည်။ ရလဒ်အနေဖြင့် အရှုံးနှင့်သာ သူမတွေ့ရသည်။ သူမလွယ်လွယ်နှင့် အားလျော့မည်ဆိုက အားလျော့သွားနိုင်သည်။ သူမက ထိုသို့ မဖြစ်ခဲ့ပါ။

သူမ၏ နောက်စိတ်ကူးက သမီးနှစ်ယောက်ကို သူတို့၏ ယဉ်ကျေးမှုအမွေအနှစ်တို့အား လေ့လာခွင့်ရရှိစေနိုင်သော မွေးရပ်မြေသို့ ပြန်ခေါ်သွားရန်ဖြစ်သည်။ သမီးနှစ်ယောက်နှင့် သူမအတွက် အိမ်ပြန်ရန် ငွေကလေး ခြစ်ခြစ်ခြုတ်ခြုတ် စုဆောင်းမိသောအခါ မွေးရပ်မြေဟာဝိုင်အီပြည်နယ် သို့ ပြန်လာခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဟာဝိုင်အီသို့ ပြန်ရောက်ပြီးနောက် မြူမြူးခေါ် ကျွန်းသူများဝတ်ဆင်လေ့ရှိသော ရောင်စုံအဆင်များပါသည့် ချောင်ပွပွဂါဝန်တစ်ထည်လောက်ကို သူမ ဝက်ချင်မိသည်။ သို့နှင့် သူမဂါဝန်အဝယ်ထွက်သည့်အခါ ရောင်းရန်မျှတ်ဆွဲပြသထားသည့် မြူမြူးအားလုံးမှာ တစ်ပုံစံတည်းဖြစ်နေကြောင်း သတိပြုမိလိုက်သည်။ ဂါဝန်အားလုံးမှာ ဟာဝိုင်အီပုံစံ ဆေးသားရိုက်ထားသည်။ မည်သည့်အထည်တွင်မှ ထူးခြားကွဲပြားသည့် ဒီဇိုင်းမျိုး မရှိပေ။ ၎င်းတို့အားလုံးကို ဟာဝိုင်အီပုံစံ ဆေးသားရိုက်ထားသော အထည်စများနှင့် ချုပ်လုပ်ထားသောကြောင့် ဟာဝိုင်အီဓလေ့ရိုးရာပွဲမဟုတ်သည့် အခြားနေရာများ၌ ဝတ်ဆင်ရန် မဆီလျော်သည့် သဘောမျိုး ဖြစ်နေသည်။

သူမက အပြုသဘော တွေးတောခြင်း ဘာသာရပ်၌ ကြားဖူးသော သင်ခန်းစာတစ်ခုကို ရုတ်တရက် သတိရသွားခဲ့သည်။ "အောင်မြင်မှုရဲ့လျှို့ဝှက်ချက်ဆိုတာ လိုအပ်နေတဲ့ နေရာတစ်ခုကိုရှာပြီး ဖြည့်ဆည်းဖို့ပဲ" ဂျူဒီက လိုအပ်ချက်တစ်ခုကို တွေ့ခဲ့ပြီး ၎င်းလိုအပ်ချက်ကို ဖြည့်ဆည်းရန် ဆုံးဖြတ်ခဲ့သည်။ သူမက ပြည်မကြီးမှ ဆေးရိုက်အထည်စ အချို့ကို ဝယ်ကာ သူမဝတ်ရန်အတွက် လှပဆန်းပြားသည့် အနားကွပ်ပါသော မြူမြူးတစ်ထည်ကို ချုပ်ကြည့်သည်။ ပုံစံကို ပွယောင်းယောင်းကြီးလည်း ဖြစ်မနေအောင်၊ သက်သောင့်သက်သာလည်းရှိအောင် စိတ်ကြိုက်ချုပ်သည်။ နောက်ဆုံးရလဒ်ကတော့ ထူးခြားသိသာပါသည်။

သူမတို့အိမ်ရှင်၏ ဇနီးက ဂျူဒီ၏ မြူမြူးကို သဘောကျသွား၏။ "တို့အတွက်လည်း တစ်ထည်လောက် ချုပ်ပေးနိုင်မလား"

"ရတာပေါ့၊ ကျွန်မ ဘယ်တော့ အတိုင်းယူရမလဲ"

"အတိုင်းယူမယ်၊ ဟုတ်လား။ ကျွန်မကိုယ်တိုင်းနဲ့ ချုပ်ပေးမယ်လို့ ပြောတာလား။ ကျွန်မနဲ့ ကွက်တိဖြစ်တဲ့ မြူမြူးလေ"ဟု သူမက မေးပါသည်။

"ဒါပေါ့ရှင်၊ စိတ်ကြိုက်ပုံစံ လက်ချုပ်မြူမြူးကို ကျွန်မကောင်းကောင်းချုပ်တတ်ပါတယ်။ ပခုံးအကျယ်၊ လက်အရှည်အားလုံး ရှင်နဲ့ကွက်တိ ဖြစ်စေရမယ်"

၎င်းက မြူမြူးဒီဇိုင်းနှင့် ထုတ်လုပ်မှုအပိုင်းတွင် သံသယရှိစရာမလို

mgyoe.com

mgyoe.com SAMPLE BOOK

အောင် အမြင်သစ်တစ်ရပ် ဖြစ်ခဲ့သည်။ ဂျူဒီက သူမချုပ်လုပ်ထားသော မြူမြူးအကြောင်းကို စဉ်းစားရင်း ကျွန်တော်တို့၏ အပြုသဘော တွေးတောခြင်း ပို့ချချက်များတွင် သင်ကြားပေးသည့်အကြောင်းအရာကို မှတ်မိသွားသည်။ "စိတ်ကူးတစ်ခုအောင်မြင်မည်၊ မအောင်မြင်မည်ကို မေးခွန်းလေးခု မေးပြီး သင် စမ်းသပ်ကြည့်နိုင်သည်။"

ပထမမေးခွန်းမှာ "ဒါလက်တွေ့ကျရဲ့လား၊ ပြီးတော့ လူတွေရဲ့ လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးနိုင်မှာလား။" ဂျူဒီက မြူမြူးတစ်ထည်သည် မည်သည့်ခန္ဓာကိုယ်အချိုးအစားမျိုးရှိသော အမျိုးသမီးအတွက်မဆို ဝတ်ဆင်နိုင်သောကြောင့် လက်တွေ့ကျသည်။ ဖြစ်နိုင်သည်ဟု ယူဆသည်။ ကိုယ်အလေးချိန် ပြဿနာများရှိသော မည်သူမဆို မြူမြူး၏ဖားလျားသော ပုံစံအောက်တွင် သူတို့၏ အဆီပိုများကို အလွယ်တကူ ဖုံးကွယ်ထားနိုင်သည်။

ဒုတိယမေးခွန်းမှာ "လှလှပပ ချုပ်ပေးလို့ ဖြစ်နိုင်မလား" "ဖြစ်နိုင်တယ်။ မြူမြူးမှာ ဖက်ရှင်ပိုင်း ပိုဆန်းသစ်အောင် လုပ်လို့ရနိုင်တယ်။ ပြည်မကြီးမှာ ဝတ်လေ့ရှိတဲ့ ပုံစံတွေအတိုင်း အလှအထပ်လေးတွေနဲ့ ပိုပြီး ခေတ်ဆန်ဆန်လေး ချုပ်ပေးလို့ ရနိုင်တယ်"ဟု သူမက တွေးသည်။

တတိယမေးခွန်းမှာ "တခြားအဝတ်အထည်တွေနဲ့ ယှဉ်ရင် ထင်ရှားပေါ်လွင်နေအောင်လို့ ကွဲကွဲပြားပြားဖြစ်အောင် ချုပ်လို့ရနိုင်ပါ့မလား။" ဟာဝိုင်အီပုံစံဆေးသားရိုက်ထည်ကို မသုံးလျှင် ဖြစ်နိုင်မည်ဟု သူမ ဆုံးဖြတ်လိုက်သည်။ ပြည်မ၌ လူကြိုက်များသော အထည်အလိပ်များကို သူမ အသုံးပြုလျှင် မြူမြူးကို ဟာဝိုင်အီလူမျိုးတို့၏ ပါတီများ၌ မဝတ်ရန်တားမြစ်တော့မည် မဟုတ်ပေ။

စတုတ္ထမေးခွန်းကို သူမ မေးကြည့်သည်။ "အရည်အသွေးကောင်းဆိုတဲ့ အသိအမှတ်ပြုမှုကို ရနိုင်လား။ ပြီးတော့ တခြားရောင်းနေတဲ့ အထည်တွေထက် ပိုသာသွားနိုင်လား။" စတုတ္ထမေးခွန်းအတွက်လည်း သူမ၏ အဖြေက မဆိုင်းမတွပါပင်။ "ဖြစ်နိုင်တယ်"။ သူမ၏ မြူမြူးက တစ်မူကွဲပြားလှပရုံသာမဟုတ်၊ လတ်တလော ဟာဝိုင်အီ၌ ရောင်းချနေသော မြူမြူးများနှင့်ယှဉ်လျှင် တန်ဖိုး၊ အရည်အသွေးနှင့် စတိုင်တို့၌ အကောင်း

mgyoe.com

mgyoe.com


တကာ့ အကောင်းဆုံးဖြစ်နိုင်သည်။ သူမသည် ဤယုံကြည်ချက်၊ လက်ထဲတွင်ရှိသော ဒေါ်လာ ၁၀၀ တို့နှင့် စတင်ရန်ဆုံးဖြတ်ခဲ့သည်။

"ဒေါက်တာ ရှူးလား၊ လွန်ခဲ့တဲ့ ၁၀ လက ကျွန်မရဲ့ ပထမဆုံး မြူမြူး ကို ချုပ်ခဲ့တယ်။ အခုတော့ တစ်လကို အထည် ၁၂၃ ထည်ချုပ်နေရပြီ"ဟု သိပ်မကြာမီက ဂျူဒီဟောလ်က ပြောပြခဲ့ပါသည်။

"ဒါနဲ့ ခင်ဗျား အကျိုးအမြတ်ရော တကယ်ရှိရဲ့လား။ ရှိမှ ဖြစ်မှာနော်"

"အကျိုးအမြတ် ရှိပါတယ်ရှင်။ ကုန်ကျစရိတ်ကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် လျှော့ချပြီး ကျွန်မ အလုပ်လုပ်နေတာပါ။ အတိုင်းအထွာလုပ်တာကို ကျွန်မကိုယ်တိုင်လုပ်တယ်။ အထည်စတွေကို အခြေခံကျတဲ့ သုံးမျိုးပဲ ဝယ်တယ်။ ဒါမှ အထည်တွေ အများကြီးဝယ်၊ များများချုပ်ထားပြီး မရောင်းရတဲ့အဖြစ်က လွတ်မှာ။ ပြီးတော့ အထည်စနဲ့ ကိုယ်တိုင်းတွေကို အိမ်မှာပဲ အထည်လိုက်ညှပ်ပေးတဲ့ အမျိုးသမီးတစ်ယောက်စီကို ပို့ပေးပါတယ်။ သူက လက်ခစားသဘောမျိုးလုပ်တာပါ။ ဒါကြောင့် သီးသန့်လစာပေးစရာမလိုဘူး။ လစာတွက်ရတာတို့၊ အဲဒီနောက်က လိုက်ပြီး အကုန်အကျများတဲ့ စာရင်းအင်းကိစ္စတွေအတွက်လည်း လူမငှားရတော့ဘူး။

ကျွန်မက ညှပ်စတွေကို သွားယူပြီး အိမ်မှာပဲ အခစားချုပ်တဲ့ အမျိုးသမီးတစ်ယောက်ယောက်ဆီကို သွားအပ်လိုက်တာပါပဲ။ သူတို့တွေလည်း လက်ခစားတွေဆိုတော့ အလုပ်သမားငှားရမ်းလို့ ကြုံရတဲ့ အထွေထွေ အသုံးစရိတ် ပြဿနာမျိုးတွေ ကျွန်မမှာ မရှိတော့ပါဘူး။"

"ရလဒ်ကတော့ ရုံးခန်းတွေ ဘာတွေမလိုဘဲနဲ့ တစ်လ အထည် ၁၂၃ စုံချုပ်တဲ့ ဒီလုပ်ငန်းတစ်ခုလုံးကို ကျွန်မ ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်တာပါပဲ။ ကျွန်မ အိမ်ခန်းလေးထဲကပဲ လည်ပတ်အောင် လုပ်ပါတယ်။

ဒါပေမဲ့ အခုအလုပ်က ပိုတွင်ကျယ်လာတော့ နောက်တစ်ပတ်မှာ ရုံးခန်းအသစ်ကို ရွှေ့ရမယ်။ ရုံးခန်းအသစ်က စတုရန်းပေ ၁၁၇ ပေရှိတယ်"

ကြားရသည်ကို ကျွန်တော် မယုံနိုင်ပေ။ "၁၁၇ စတုရန်းပေ၊ ဟုတ်လား။ ဒါပေမဲ့ အဲဒါက ခပ်ကျဉ်းကျဉ်း အခန်းလေးပဲ မဟုတ်လား။"

"ဟုတ်တယ်။ အဲဒီလောက်ပဲ ကျွန်မက လိုအပ်တာ။ အထည် ညှပ်တဲ့

mgyoe.com

mgyoe.com SAMPLE BOOK

သူတွေ၊ ချုပ်တဲ့သူတွေအားလုံးက အိမ်မှာပဲ အလုပ်လုပ်တာဆိုတော့ အထည်ချုပ်ရုံကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့ ကုန်ကျစရိတ်တွေ ဘာတွေ မရှိတော့ဘူးပေါ့။"

"ဒါပေမဲ့ ခင်ဗျား ငွေရေးကြေးရေးနဲ့ ပတ်သက်လို့တော့ လုပ်ငန်း လည်ပတ်ဖို့ လိုလာဦးမှာပေါ့။"

"ဟင့်အင်း။ ကျွန်မက ဒီအလုပ်ကို ဒေါ်လာတစ်ရာ၊ စိတ်ကူးတစ်ခုနဲ့ စခဲ့တာ။ စိတ်ကူးဆိုတာက မြူမြူးကို ရယ်ဒီမိတ်မဟုတ်ဘဲ ကိုယ်တိုင်း ချုပ်နဲ့ဆိုရင် ဘယ်လိုနေမလဲဆိုတဲ့ စိတ်ကူးကို ပြောတာ။ အခု အမှာတွေ ရလာတော့ လူတွေဆီက ကျွန်မ စရန်ငွေတောင်းလို့ ရပြီလေ။ စရန်ငွေက ကြိုရင်းနှီးငွေအတွက် ကာမိပါတယ်။"

"ဒီမှာ ဒေါက်တာရှူးလား။ ရှင်မှန်ပါတယ်။ ယုံကြည်ချက်ရှိရင် ဘာမဆို ဖြစ်နိုင်တယ်ဆိုတာလေ။ ကျွန်မ တစ်ခုထပ်ပြောပြမယ်။ ဘယ်သူမဆို ရင်ဆိုင်ရတဲ့ အကြီးဆုံး ပြဿနာဟာ ကျွန်မတို့ရဲ့ အဆိုးမြင်စိတ်ပဲ။

ကျွန်မ ကလေးနှစ်ယောက်နဲ့ ဝင်ငွေမရှိ ဖြစ်နေတာကို မြင်တော့ ကျွန်မ မိတ်ဆွေတွေက ကျွန်မတို့ ဘယ်လိုများ ရုန်းကန်ရပ်တည်နိုင်ပါ့မလဲလို့ စိတ်ပူကြတယ်။ ကျွန်မကိုယ်ပိုင်တံဆိပ်၊ ဒီဇိုင်းတွေနဲ့ အထည်ချုပ်လုပ်ငန်း ကို လုပ်တော့မယ်လို့ သူတို့ကို ပြောပြတော့ သူတို့က ကျွန်မကို ကြည့်ပြီး ရယ်ကြတယ်လေ။ "ရှင်က ဟာဝိုင်အီက လူတွေကို မြူမြူးသွားရောင်းမလို့။ အလက်စကာကို သွားပြီး အက်စကီမိုးတွေကို နှင်းပဲသွားရောင်းပါတော့ လား"လို့ ကျွန်မကိုပြောကြတယ်။ "ဟာဝိုင်အီမှာရှိတဲ့ ဈေးရောင်းလို့ရသမျှ နေရာတိုင်းမှာ မြူမြူးတွေ ချိတ်ရောင်းနေတာမှ ပုံလို့။ ရှင်မသိဘူးလား။ စီးပွားရေးကျဆင်းမှုတွေ ဖြစ်နေတာရော ရှင်မသိဘူးလား"လို့ မေးကြတယ်။

"ဒါ လူတွေ ဝေဖန်စောကြောတဲ့ စကားတွေပဲ။ ဒါပေမဲ့ ရှင်သိလား" သူမက စိတ်အားထက်သန်စွာ မေးလိုက်သည်။ "ဟိုနိုလူလူမှာရှိတဲ့ အကြီးဆုံး အထက်တန်းကျောင်းတစ်ကျောင်းကနေ ကျောင်းဆင်းပွဲမှာ ဝတ်ဖို့ မိန်းကလေးအယောက် ၂၀၀ အတွက် မြူမြူးအားလုံးကို ချုပ်ပေးဖို့ အမှာကို ကျွန်မ လက်ခံလိုက်ရတယ်။ အထက်တန်းကျောင်းသူတွေ ကျောင်းဆင်းပွဲနေ့မှာ မြူမြူးဝတ်တာဟာ ဟာဝိုင်အီထုံးစံပဲ။ အရင်ကတော့

mgyoe.com

mgyoe.com SAMPLE BOOK


ကျောင်းဆင်းပွဲတွေမှာဝတ်ဖို့ မြူမြူးကို ဟာဝိုင်အီရီးရာအထည်ချုပ်လုပ်ငန်းတွေကနေ မှာကြတယ်။ အခု သူတို့က ကျွန်မရဲ့ ချုပ်လုပ်ပုံနဲ့ဒီဇိုင်းကို သဘောကျသွားပြီး ကျွန်မဆီမှာ အကုန်မှာကြတာ။

"နောက်တစ်ဆင့် ကျွန်မ လုပ်ဖို့ရည်ရွယ်ထားတာက ပြည်မမှာပါ ကျွန်မအထည်တွေကို ရောင်းဖို့ပဲ။ အရင်က ပုံစံ၊ အချိုးအစားမမှန်လို့ မြူမြူးအကြောင်းကို ပြည်မက လူတွေကောင်းကောင်းမသိကြဘူး။ အခု ကျွန်မဘာကို ဘယ်လိုလုပ်ရမလဲဆိုတာ သဘောပေါက်သွားပြီဆိုတော့ နောင်ကိုအမေရိကန်တစ်နိုင်ငံလုံး ကျွန်မအထည်တွေ ပြန့်တော့မှာ။ ဒီမယ် ဒေါက်တာရှူးလား၊ နောက်ဆို ကျွန်မရဲ့အထည်တွေကို မြူမြူးလို့ ခေါ်မှာ မဟုတ်ဘူး။ ဂျူဒီမြူးလို့ ခေါ်ကြလိမ့်မယ်။"

"နေပါဦး ဂျူဒီ။ ခင်ဗျား ဒီအလုပ်အတွက် တစ်နေရာရာမှာများ သင်တန်းတွေ ဘာတွေ တက်ဖူးသလား။ အဝတ်အစား ဒီဇိုင်းဆွဲတဲ့ ပညာကိုခင်ဗျား ဘယ်မှာ သင်ခဲ့တာလဲ"ဟု ကျွန်တော်က မေးလိုက်သည်။

"ဟင့်အင်း အဝတ်အစား ဒီဇိုင်းဆွဲတာကို ကျွန်မ မသင်ဖူးပါဘူး။ တခြားဟာတွေလည်း ဘာမှ မသင်ဖူးဘူး။ ကျွန်မနဲ့လိုက်အောင်၊ ကျွန်မနဲ့တော်အောင်ပဲ ချုပ်ခဲ့တာ။ အရင်က ကျွန်မ အရမ်းဝခဲ့တာပေါ့။ အခု ခြောက်ဆယ့်ငါးပေါင် ကျသွားပြီ။ ကျွန်မနဲ့ ကောင်းကောင်းလိုက်မယ့် ဝတ်စုံတစ်ထည်ကို ချုပ်နိုင်ရမယ်လို့ ကျွန်မ ဆုံးဖြတ်ခဲ့တယ်။ ကိုယ့်အတွက်ကိုယ်ရည်ရွယ်ပြီးတော့ပဲ ဒီဇိုင်းထုတ်ခဲ့တာပါ။

ပိုက်ဆံလည်း မရှိ၊ တတ်ကျွမ်းထားသော ပညာလည်း မရှိသောကလေးနှစ်ယောက်အမေ တစ်ခုလပ် မိန်းမတစ်ယောက်ပင်လျှင် စိတ်ကူးအသစ်၊ ကုန်ပစ္စည်းအသစ်တစ်ခုနှင့် အလျှံပယ်ဖြစ်နေသော ဈေးကွက်တစ်ခုအတွင်းသို့ တိုးဝင်နိုင်ပြီး အလွန်အောင်မြင်သော လုပ်ငန်းတစ်ခုကိုထူထောင်နိုင်လျှင် သင်ကိုယ်တိုင်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရန် သေချာပေါက် ဖြစ်နိုင်ပါသည်။

အဟုတ် ဖြစ်ပါသည်။ ကျွန်တော့်ကို ယုံကြည်လိုက်ပါ။ ခက်ခဲသောအချိန်တို့က တာရှည်မခံပါ။ အခက်အခဲဒဏ် ခံနိုင်သူတို့သာ တာရှည်ခံစမြဲပါ။

mgyoe.com

mgyoe.com SAMPLE BOOK


## ဂျွန် ပရွန်တီ

ဂျွန်ပရွန်တီကို အပြေးသမားတစ်ယောက်ဟု သူ့ပတ်ဝန်းကျင်က သိထားကြသည်။ ၁၉၆၅ ခုနှစ်လောက်က ပြေးခြင်းကို အားကစားတစ်ခု အနေဖြင့် ယနေ့ခေတ်လောက် လူကြိုက်မများသေးပေ။ ၁၉၇၃ ခုနှစ်၊ ဇွန်လ ၆ ရက်၌ ဂျွန်သည် ခါတိုင်းလိုပင် အပြေးလေ့ကျင့်ခဲ့သေးသည်။ သူနောက်ဆုံးပြေးရခြင်းဆိုသည်ကိုတော့ မသိခဲ့ပေ။

ထိုနေ့မနက်ပိုင်းတွင် ဂျွန်နှင့် ကျန်ခြောက်ဦးပါ လက်သမားအဖွဲ့သည် အိမ်ငယ်တစ်လုံး၏ အမိုးပေါ်သို့ တွယ်တက်ခဲ့ကြသည်။ လက်သမားခေါင်းက သူ့ကို ကိရိယာတစ်ခု လှမ်းယူပေးရန် အော်ခေါ်ချိန်၌ ဂျွန်မှာ ငြမ်းစင်ထိပ်ဖျား၌ ရောက်နေ၏။ ယူခိုင်းသော ပစ္စည်းကို လှမ်းယူရန် ရှေ့သို့ အလှမ်း၌ ဘိလပ်မြေတုံးတစ်တုံး ရုတ်တရက် ကျွံကျကာ ဂျွန်၏ခန္ဓာကိုယ်တစ်ခုလုံး ပြုတ်ကျသွားသည်။ ဂျွန်က ခုန်ထွက်ဖို့ ကြိုးစားကြည့်သေးသည်။ သို့သော် နောက်ကျသွားပြီဖြစ်သည်။ သူ့ခန္ဓာကိုယ်က လေထဲတွင် မှောက်သွားသည်။ ပြန်အကျတွင် ပေါင် ၁၆၀ လေးသော ခန္ဓာကိုယ်ကြီးသည် ကြမ်းပြင်နှင့် ပြင်းစွာရိုက်မိ၏။ ဂျွန်က ဤသို့ပြောပြခဲ့သည်။

"ကျောရိုးအဆစ်တွေ ကျိုးကြေသွားတဲ့ စိတ်မချမ်းသာစရာအသံကို ကြားယောင်မိတဲ့အခါ ကျွန်တော်တုန်လှုပ်ရတုန်းပါပဲ။ အောက်ကို ပြုတ်ကျတော့ ကျွန်တော့်ခန္ဓာကိုယ်က မုန့်ကြိုးလိမ်လိုဖြစ်နေပြီ။ ကျွန်တော့် ခြေထောက်တွေမှာ ခံစားချက်တွေ မရှိတော့တာကို ကျွန်တော်ချက်ချင်း ရိပ်စားမိလိုက်တယ်။ နာကျင်မှုက ပြင်းထန်လွန်းပါတယ်။ ကျွန်တော့်ခေါင်းကို အပ်ချည်ကြိုးလေးတစ်ချောင်းတည်းနဲ့ ဆိုင်းထားသလိုမျိုး ခံစားခဲ့ရတယ်။ ကျွန်တော် သတိလစ်မသွားအောင်လို့ စိတ်ကိုတင်းထားခဲ့တယ်။"

ကယ်ဆယ်ရေးအဖွဲ့ရောက်ရှိလာသည့်အခါ သူ့ခန္ဓာကိုယ်အောက်၌ ထမ်းစင်ကို ကျင်လည်စွာ ထည့်လိုက်ကြသည်။ ဆေးရုံအရောက်၌ သူ့ကို တာဝန်ယူကြည့်ပေးသော ဦးနှောက်နှင့် အာရုံကြောဆရာဝန်က သူ့ကို ဓာတ်မှန်ရိုက်မည့် ခုံပေါ်သို့ မတင်သည်။ ခဏအကြာတွင် ဆရာဝန်က သူ့လည်ပင်းရိုးမှာ သွင်သွင်ကျိုးသွားကြောင်း စိတ်မချမ်းမြေ့ဖွယ် အတည်ပြုစကားကို သူ့ထံသို့ ယူဆောင်လာခဲ့သည်။ "ကလေးဘဝတုန်းက

mgyoe.com
SAMPLE BOOK


ကျွန်တော် ဝတ်ပြုဆုတောင်းတတ်အောင် သင်ခဲ့ရပါတယ်။ အခုတော့ နောက်တစ်ခါဘုရားသခင်ဆီကို ကျွန်တော်ဦးလှည့်ရပြန်ပြီပေါ့"

သေလုမြောပါး ဝေဒနာတစ်ခုကို အပြင်းအထန် ခံစားနေရသည့်အချိန်၌ ဂျွန်သည် ဘီးတပ်ကုလားထိုင်ပေါ်တွင် ထိုင်၍ နိုင်ငံကို အုပ်ချုပ်သွားသော အမေရိကန် သမ္မတကြီး ရုစဗဲ့၏ ပြောစကားကို သတိရသွားမိသည်။ "ခင်ဗျားတို့၊ ကျုပ်တို့ တကယ်တမ်းကြောက်ရမှာက အဲဒီအကြောက်တရားဆိုတာကိုပဲ။" သို့ရာတွင် တကယ့်တိုက်ပွဲက ယခုမှစတင်မှာ ဖြစ်သည်။

ဂျွန်က သူ့ကိုယ်သူ ရင်ဘတ်မှ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံး ကျပ်စည်းထားသော မံမီရုပ်အလောင်းနှယ် ခံစားခဲ့ရသည်။ အထိအတွေ့ခံစားချက်ကို မသိရသောကြောင့် သူထိတ်လန့်မိသည်။ နောက်ပိုင်းရက်သတ္တပတ်များအတွင်း၌ ဂျွန်၏ထိခိုက်ဒဏ်ရာအကြီးစားတို့မှ အကျိုးဆက်ကို တစ်သက်လုံး ခံစားသွားရတော့မည်ဆိုသည့်အချက်က ပို၍ သိသာထင်ရှားလာပါသည်။ သို့သော်လည်း သူသည် အံ့မခန်း အဖြစ်အပျက်မျိုး ကြုံရပြီး ကျောရိုးအာရုံကြောမကြီးကို ဦးနှောက်မှ သတင်းပေးပို့ချက်များအား လိုက်ပါဆောင်ရွက်နိုင်သည်အထိ ပြန်ကောင်းလာလိမ့်မည်ဟု မျှော်လင့်ချက် ဆက်ထားခဲ့သည်။

တစ်ရက်တွင်မူ ငယ်ရွယ်သော အိမ်ထောင်သည်၊ ဖခင်တစ်ဦးဖြစ်သူ ဂျွန်ခမျာ သူ့ဝေဒနာသည် လည်ပင်းရိုးကျိုးသည့် နောက်ဆက်တွဲအနေဖြင့် ကု၍မပျောက်သော အကြောသေရောဂါဖြစ်ကြောင်း သူနာပြုအချင်းချင်း ပြောဆိုနေကြသံကို အမှတ်တမဲ့ ကြားလိုက်ရသည်။ သူ ဘယ်တော့မှ လမ်းမလျှောက်နိုင်တော့။

"ကျွန်တော် ထိခိုက်မှုဟာ ဘယ်တော့မှ မလွတ်မြောက်နိုင်မယ့် အရာတစ်ခုပဲလို့ ကျွန်တော် လက်ခံလိုက်တယ်။ ကျွန်တော့်လည်ပင်းကို ဒေါက်တိုင်ပတ်လည်နဲ့ ထားရနိုင်တယ်။ ဒါပေမဲ့ ကျွန်တော်သာ အပြုသဘောတွေးတောခြင်းကို လုပ်ကြည့်နိုင်မယ်ဆိုရင် အဲဒီဒေါက်တိုင်ကို ကျွန်တော့်ရဲ့ မိုင်တိုင်တစ်ခုအဖြစ် ပြောင်းလဲပစ်လိုက်နိုင်တာပဲ။ ကျွန်တော့် ကိုယ်ကျွန်တော်ဖြစ်ချင်တာထက် ဖြစ်နေတာကို လက်သင့်ခံလိုက်တယ်။"

ယခုတော့ ဂျွန်သည် နီးစပ်ရာ ဟိုတယ်များနှင့် သူ့ပတ်ဝန်းကျင်၌

mgyoe.com

m gyoe.com SAMPLE BOOK


ကျွမ်းကျင်ကလေးထိန်းဝန်ဆောင်မှုပေးသော လုပ်ငန်းတစ်ခုကို ထူထောင်ထားပြီဖြစ်သည်။ ခရစ္စတယ် ဘုရားရှိခိုးကျောင်းရှိ NEW HOPE အရေးပေါ် တယ်လီဖုန်းဖြင့် ဆွေးနွေးလမ်းညွှန်မှုပေးသော စင်တာ၌ စေတနာ့ဝန်ထမ်း ဆွေးနွေးလမ်းညွှန်ပေးသူအဖြစ်နှင့် အချိန်များစွာပေး၍ လုပ်ကိုင်နေပါသည်။ သူရှာတွေ့သွားခဲ့သော မျှော်လင့်ချက်အသစ်ကြောင့် သူ ကူညီဆွေးနွေးပေးရသော စိတ်ပျက်အားလျော့နေသည့် လူများကို မျှော်လင့်ချက်အသစ်တို့ ပေးစွမ်းနိုင်ခဲ့ပါသည်။

ဂျွန်ပရွန်တီက အောင်နိုင်သူတစ်ယောက် ဖြစ်ပါသည်။ ခက်ခဲသော အချိန်ဟူသည် တာရှည်မခံ၊ အခက်အခဲဒဏ် ခံနိုင်သူတို့သာ လောကအလယ်၌ မားမားမတ်မတ် ရေရှည်ရပ်တည်နိုင်မည်ဆိုသည်ကို သူသိသွားသောကြောင့် ဖြစ်ပါသည်။

## ဆန်းဒို ကင်မ်

သူ့မွေးရပ်မြေက ကိုရီးယားမှာ ဖြစ်သော်လည်း သူ့ကို စတွေ့ဖူးသည်က ကယ်လီဖိုးနီးယားတွင် ဖြစ်၏။ ထိုနိုင်ငံသို့ ကျွန်တော် ပထမဆုံး ရောက်ဖူးသည်မှာ ကိုရီးယားစစ်ပွဲအပြီးတွင် ဖြစ်သည်။ ထိုမျှ စုတ်ပြတ် နံချာ၍ ကျတ်တီးမြေကဲ့သို့ ဖြစ်နေသောနေရာမျိုးကို ကျွန်တော် တစ်ကြိမ်မှ မမြင်ဖူးခဲ့ပါ။ မြေပြင်ပေါ်၌ သစ်တစ်ပင်၊ ချုံတစ်ခု မတွေ့ရဘဲ စိမ်းစိုမှု အလျဉ်းကင်းမဲ့နေလေသည်။

ရှိသမျှ အခင်းအပင်တို့မှာလည်း လူစား၍ ကုန်လေပြီ။ သစ်ပင်ကြီးများကိုပင်လျှင် ခုတ်ချထားကြ၏။ အရွက်ကို ဟင်းသီးဟင်းရွက်အဖြစ် စားကြသည်။ အခေါက်ကို ပြုတ်ပြီး ဟင်းချိုလုပ်သောက်ကြသည်။ ကျန်သည့် ပင်စည်ပင်လုံးများကို အနွေးဓာတ်ရအောင် ထင်းအဖြစ် အသုံးပြုကြသည်။ ကိုရီးယားနိုင်ငံ၏ ခက်ခဲသောကာလများဟု ဆိုနိုင်ပါသည်။

မြောက်ပိုင်းမှ ထွက်ပြေးလာသော ဆင်းရဲနွမ်းပါးလှသည့် ဒုက္ခသည်များတွင် ခရစ်ယာန်ဘာသာဝင်များစွာ ပါရှိသည်။ ထိုနံချာသော နေရာမှ ငယ်ရွယ်သော ကိုရီးယားလူမျိုးကိုယ်တော်တစ်ပါးသည် ကယ်လီဖိုးနီးယားရှိ ဖူးလား ကျမ်းစာသင်ကျောင်းမှ ပညာသင်ဆုကို ရရှိခဲ့သည်။ သူကျမ်းစာ

mgyoe.com

mgyoe.com  SAMPLE BOOK 

သင်ကျောင်းတက်နေစဉ် ကျွန်တော်တို့ ဘုရားကျောင်းရှိ ဘာသာရေး အသင်းအဖွဲ့တစ်ခုသို့ ဧည့်သည်အဖြစ် ဖိတ်ကြားခဲ့သည်။

ရေပန်းအလှများဆင်ယင်ထားပြီး ခေတ်မီဆန်းပြားသော ဗိသုကာ လက်ရာနှင့် တည်ဆောက်ထားသည့် ဆယ့်သုံးထပ်မြင့်မျှော်စင်နှင့် ဘုရား ကျောင်းအဆောက်အအုံကို မြင်တွေ့ရချိန်၌ သူအလွန်ဝမ်းမြောက်နှစ်သက် ခြင်း ဖြစ်မိသည်။ ကျွန်တော်တို့ အဖွဲ့အစည်း၌ လမ်းညွှန်ပေးသော "ယုံ ကြည်ချက်ထားပါ။ အောင်မြင်စေရမည်"ဆိုသည့်ဆောင်ပုဒ်ကို သူ ကြားခဲ့ ရသည်။ ကြားသည့်အတိုင်းလည်း ယုံကြည်ခဲ့သည်။ သို့နှင့် မျှော်စင်နှင့် ဘုရားကျောင်းတို့၏ ရုပ်ပုံများကို သူဓာတ်ပုံရိုက်ယူခဲ့သည်။ တစ်နေ့ကျ လျှင် ကိုရီးယားမှာလည်း ဤလိုဘုရားကျောင်းမျိုးကို တည်ဆောက်နိုင် ရမည်ဟု စိတ်ကူးယဉ်နေမိသည်။

လွန်ခဲ့သော လေးနှစ်ကတော့ ကိုရီးယားကို ကျွန်တော် ပြန်သွားခဲ့သည်။ ကျွန်တော် ရောက်နေသည့်အကြောင်းကို ကြားသည့်အခါ ထိုကိုယ်တော်က သူ၏ ဘုရားကျောင်း၌ လာရောက်ဟောပြောပေးပါရန် ကျွန်တော့်ကို ဖိတ်ခေါ်ခဲ့သည်။ တကယ်တော့ သူ့ဘုရားကျောင်းက ရွက်ဖျင်တဲကလေး သာ ဖြစ်၏။ သူနှင့် သူ့လူများမှာမူ ဝမ်းသာနေကြသည်။ စနေနေ့ညမှာ ကျွန်တော် တရားလာဟောပေးပါမည်ဟု သူ့ကို ပြောလိုက်ပါသည်။

သို့သော် စနေနေ့ မနက်ပိုင်းတွင် ကျွန်တော့်ထံသို့ ဖုန်းဝင်လာသည်။ ကျွန်တော့် သမီး ကာရိုလ်တစ်ယောက်ဆိုင်ကယ်အက်ဆီးဒင့် ဖြစ်ကာ ဆိုးဆိုးဝါးဝါး ထိခိုက်သွားသည်ဟုဆိုသည်။ ကျွန်တော်တို့ ဇနီးမောင်နှံ ရရာလေယာဉ်နှင့် အမြန်ပြန်သွားရသဖြင့် ကျွန်တော့်ကတိကို မတည်နိုင်ခဲ့ ပေ။ ကျွန်တော့်မိတ်ဆွေခမျာ လာ၍စောင့်ဆိုင်းနေကြသော ပရိသတ်ကို ကျွန်တော်ရောက်မလာနိုင်သည့်အကြောင်း ပြောပြရလေသည်။

တလောက ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့သို့ တစ်ခေါက်သွားရပြန်သည်။ ဟန်ယန်တက္ကသိုလ်က ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ကို ယူရန်ဖြစ်၏။ ကျွန်တော့်မိတ်ဆွေက ကျွန်တော် ရောက်ကြောင်းကြားသည်နှင့် "မစ္စတာ ရှူးလား၊ လွန်ခဲ့တဲ့ လေးနှစ်က ကျွန်တော့် ဘုရားကျောင်းမှာ တရားလာဟော ပေးမယ်ဆိုပြီးတော့ ခင်ဗျားရောက်မလာခဲ့ဘူး။ ဒီတစ်ခေါက်တော့ ကျွန်တော့်

mgyoe.com

mgyoe.com SAMPLE BOOK

ဘုရားကျောင်းကို ဆက်ဆက်ရောက်အောင် လာခဲ့ပါ" ဟု ဆိုလာပါသည်။ ကျွန်တော့်မှာ အချိန်ရှားပါးလှသော်လည်း လာခဲ့ပါမည်ဟု ကတိပြုလိုက်ပါသည်။

ကိုရီးယားကိုရောက်တော့ များစွာအံ့သြခြင်း ဖြစ်ရ၏။ လေးနှစ်ဆို သောကာလက အပြောင်းအလဲများစွာကို ဖြစ်ပေါ်စေခဲ့သည်။ အံ့မခန်းဖိသုကာလက်ရာဟုဆိုရမည့် လှပသော လေဆိပ်ဆီသို့ ကျွန်တော်တို့ ဆင်းသက်ခဲ့သည်။ လေဆိပ်တစ်ခုလုံးကို လှပသော မြက်ခင်းများ၊ သစ်ပင်များနှင့် ရေတံခွန်များရှိသော ဥယျာဉ်တစ်ခုကပတ်ရံထားသည်။ ဆိုးလ်မြို့လယ်ကောင်၌ သားသားနားနား ဟိုတယ်တစ်ခုက နေရာယူထားပြီ။ လမ်းဘေးလျှောက်လမ်းမှာ အရောင်တင်ထားသော နှမ်းဖတ်ကျောက်ပြားတို့ ခင်းထားသည်။ ဖြောင့်ဖြူးသော လမ်းမကြီးအတိုင်း ဆိုးလ်မြို့ကို ဖြတ်မောင်းလာစဉ်မှာပင် တစ်နေရာ၌ မိုးကောင်းကင်သို့ ထိုးတက်နေသော မျှော်စင်တစ်ခုကို မြင်လိုက်ရသည်။ ထိပ်ဖျား၌ လက်ဝါးကပ်တိုင်ပါသော ဆယ့်လေးထပ်မြင့်သည့် မျှော်စင်။ အမေရိကမှ ကျွန်တော်တို့ဘုရားကျောင်း၏ မျှော်စင်နှင့် တစ်ပုံစံတည်း။ မျှော်စင်နှင့် ကပ်လျက်တွင် ထိုင်ခုံနေရာ လေးထောင်ဆံ့သော ကျက်သရေရှိသည့် ဘုရားကျောင်းအဆောက်အအုံတစ်ခုရှိသည်။ မက်သဒစ်အသင်းတော်၏ ဘုရားရှိခိုးကျောင်းကြီး ဖြစ်သည်။

ကျွန်တော့်မိတ်ဆွေ ကိုယ်တော်လေးက ကျွန်တော့်ကို နှုတ်ဆက်ပြီး ကျွန်တော် မှင်တက်အံ့အားသင့်နေပုံကို သဘောတကျကြည့်နေသည်။ သူက ကျွန်တော့်ကို အသင်းတော်မှ လူများနှင့်မိတ်ဆက်ပေးသည်။ "တကယ်ကို အံ့သြစရာပဲ"ဟု ကျွန်တော့် နှုတ်ဖျားက တဖွဖွ ပြောမိသည်။

"ခက်ခဲသော အချိန်တို့က တာရှည်မခံ၊ အခက်အခဲ ဒဏ်ခံနိုင်သူတို့သာ တာရှည်ခံစမြဲ"

သူလည်း ဤသင်ခန်းစာကို ကောင်းကောင်း နားလည်သွားပြီ ဖြစ်သည်။

ဘုရားသခင်အား သူ၏ အစီအစဉ်ကို ဖန်တီးရန် ကျွန်ုပ်တို့ အချိန်အနည်းငယ်မျှ ပေးမည်ဆိုလျှင် ဘုရားသခင် လုပ်ဆောင်ပေးနိုင်သောအရာက အံ့ချီးလောက်ပါသည်။

mgyoe.com